www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဉာဏ ဓမ္မသာမိထေရ်



၃

# ဘာ့ကြောင့်-၂

မောင်သွေးချွန်
စုစည်းပူဇော်သည်

2000 GRAPHIC DESIGN : KYAW MINN MOUNG

www.dhammaransi.com



ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီဥယျမ္ဗသာမိထေရ်

www.dhammaransi.com

# နေမျိုးစာပဒေသာ

အမှတ်(၁၂၉)၊ (၃၄) လမ်း၊ ရန်ကုန်။

www.dhammaransi.com

စာမူခွင့်ပြုချက်အမှတ်
၁၇၉/၂၀၀၀ (၃)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၂၁၆/၂၀၀၀ (၄)
မျက်နှာဖုံး ဒီဇိုင်း
ကျော်မင်းမောင်
ကွန်ပျူတာစာစီ
ဓံ လဲ့လဲ့မာ
အတွင်းဖလင်
ရာဇာမျိုးဝင်း
အဖုံးဖလင်
Lucky Colour seperation
ပထမ အကြိမ်
၂၀၀၀ - မေလ - အုပ်ရေ ၃၀၀၀
ထုတ်ဝေသူ
ဒေါ်ရွှေအိမ် (၀၁၂၉၉)
တိုင်းလင်းစာပေ
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးနေမျိုး(၀၅၄၉၅)
နေမျိုးပုံနှိပ်တိုက်
စာအုပ်ချုပ်
သစ်လွင်ဇ
တန်ဖိုး၊ ၂၀၀ - ကျပ်

www.dhammaransi.com

၂၄၁၇၅

မဟာဗောဓိမြိုင်ဆရာတော်

ဝနဝါသီဥဒေယျ ဓမ္မသာမိထေရ်၏

ကြောင်းကျိုးဆက်သဘောအချက်များ

# ဘာ့ကြောင့် ၂

မောင်သွေးချွန်
စုစည်းပူဇော်သည်။

www.dhammaransi.com

# မာတိကာ

စာမျက်နှာ


၁။ ဩကာသနဲ့ ဘာ့ကြောင့်ကန်တော့ ... ၇

၂။ နမောတဿနဲ့ ဘာ့ကြောင့် ရှိခိုး ... ၁၆

၃။ သုံးကြိမ်ဘာ့ကြောင့်ဆိုရ ... ၂၁

၄။ ပုံတော်မှ ဂုဏ်တော်သို့ ဘာ့ကြောင့်
ရည်မျှော် ... ၂၇

၅။ အနန္တငါးပါး ဘာ့ကြောင့်ထား ... ၃၃

၆။ မနောကံ အဓိက ဘာ့ကြောင့်လဲ ... ၄၀

၇။ ဘုရားဂုဏ်တော် ကိုးပါး
တရားဂုဏ်တော် ခြောက်ပါး
သံဃာဂုဏ်တော် ကိုးပါး
ဘာ့ကြောင့်ထား ... ၄၆

၈။ ဗြဟ္မဝိဟာရ တရားလေးပါး
ဘာ့ကြောင့်ထား ... ၅၁

၉။ ရွှေ ငွေ မြ ပတ္တမြား ဘာ့ကြောင့်
ဆောင်ထားကြပါလိမ့် ... ၅၈

www.dhammaransi.com

၁၀။ ကာမဂုဏ်ခံစား ရှုံးအား
ဘာ့ကြောင့် ကြီးခဲ့ရ ... ၆၂

၁၁။ ရဟန်းသံဃာတို့ကိုသာ
ဘာ့ကြောင့် ဖူးမျှော် ... ၆၉

၁၂။ ဘဝစက်ယန္တရား ဘာ့ကြောင့်ပျက် ... ၇၅

၁၃။ မြတ်စွာဘုရားကို သာဝတ္ထိရှေ့ပြည်မှာ
ဘာ့ကြောင့် အကြာဆုံး သီတင်းသုံး ... ၇၉

၁၄။ မကောင်းမှုဘေး ဘာ့ကြောင့်ဖြစ် ... ၈၈

၁၅။ ရန်မအောင်တာ ဘာ့ကြောင့်နည်း ... ၉၅

၁၆။ ခန္တီပါရမီ ဘာ့ကြောင့်ခက် ... ၁၀၂

၁၇။ မမွစကြာဟောရာမှာ လက်ိုလက်ယာ
နေကိုလက်ဝဲ ဘာ့ကြောင့်ထား ... ၁၀၈

၁၈။ တန်ခိုးသည် ဖုံးထားအပ်၍
ပညာသည်သာ ဘာ့ကြောင့်
ဖွင့်ဖော်အပ် ... ၁၁၅

၁၉။ ဘုရားအရိယာတို့ ဘာ့ကြောင့်
အစဉ်နိုးကြား ... ၁၂၃

www.dhammaransi.com

# နမောတဿ ဗုဒ္ဓဝီရဿ

# အမှာစာ

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက တပည့်ဒကာ ဝေနေယျအပေါင်းတို့ကို အကြောင်းအရာတစ်ခုအား ထွင်းဖောက်ရှုမြင်နိုင်သော အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးလေ့ရှိပါသည်။ အကြောင်းအရာတစ်ခုကို သူပြောသိ, ငါပြောသိ၊ပညတ်သိ၊သညာသိ၊အဝိဇ္ဇာသိမှ ကိုယ်ပိုင်သိ၊ ပရမတ်သိ၊ ပညာသိ၊ ဝိဇ္ဇာသိသို့ ဆိုက်ရောက်အောင် ညွှန်ပြလေ့ ရှိပါသည်။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် 'မိမိကိုယ်ကို ရှုမြင်ခြင်း' နှင့် 'လောကကို ထွင်းဖောက်ရှုမြင်နည်း' စာအုပ် (၂) အုပ်တို့ကို ၁၉၉၆၊ အောက်တိုဘာလက ရေးထုတ်ခဲ့ပြီး ဖြစ်ပါသည်။ တရားရှာမှီးသူတို့ ဉာဏ်ပဋိဘာန် ရင့်သန်ရေးအတွက်လည်း 'ပဋိဘာနဉာဏဒဿနကထာ' ကျမ်းစာအုပ်ကြီးကို ၁၉၉၉၊ ဖေဖော်ဝါရီလက ထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ထိုထို ကျမ်းစာအုပ်ပေါင်း များစွာနှင့် တရားဟော၊ တရားပြ၊ ဩဝါဒပေးရာတိုင်းမှာ ကြောင်းကျိုးဆက်စပ် ဆင်ခြင်သုံးသပ်၍ ဉာဏ်လေ့ကျက်မှု ထက်မြက်ရေးကို ဆရာတော်ဘုရားကြီး

www.dhammaransi.com

အစဉ်ဦးတည်ခဲ့သည်ဟု နားလည်ရပါသည်။

ကျွန်တော်တို့၏ ပုံမှန်ဖြစ်စဉ် နေ့စဉ်မြင်တွေ့နေရလေ့ရှိသော ကံသုံးပါးအမူအရာများမှာပင် ဆရာတော်ဘုရားကြီး၏ ရှုမြင်ချက်၌ ဒေသနာစဉ် တရားတော်မှ လွဲချော်သွားသည်ဟူ၍ လုံးလုံးမရှိခဲ့ပါပေ။

"တပည့်တော်တို့ ပြန်ကြတော့မလိုပါ ဘုရား" ဟု သွားရောက်ကန်တော့သော အခါမျိုးမှာပင်...

"ဘာဖြစ်လို့ ပြန်ရတာလဲဗျ" ဟု အကြောင်းရင်းကို နှိုက်ချွတ်စစ်မေးတတ်ပါသည်။

"... ... ..."

ကျွန်တော်တို့မှာ လျှောက်တင်စရာ အဖြေမှန်အဆင်သင့်မရှိခဲ့ပါ။ ရုတ်တရက် ကြောင်အမ်းအမ်းနှင့်သာ ခေါင်းငုံ့နေခဲ့ကြရပါသည်။

"ပြန်တာ လာလို့ပြန်ရတာပေါ့ဗျ... "

ဆရာတော်ဘုရားကြီး၏အဖြေ၌ တရားတစ်ချက် လင်းလက်သွားခဲ့ပေပြီ။ သို့သော် ဉာဏ်နုံ့သူတို့မှာ တရားမှန်း မသိကြ။ ထို့ကြောင့် ဆရာတော်ဘုရားကြီးက တစ်ဆင့်တက်ပြီး ဟောရပြန်သည်။

www.dhammaransi.com

"အလာရှိလို့ အပြန်ရှိတာ... ပြီးတော့ အိမ်ဆို တာ ရှိနေလို့ ပြန်ရတာ... အိမ်မရှိတော့တဲ့ အရိယာအရှင်သခင်ကြီးတွေ ဘယ်ကိုမှ ပြန် စရာမလိုတော့ဘူး... ဘယ်တော့မှ ပြန်စရာ မလိုတော့ဘူး... "

တဏှာလက်သမားက ဆောက်ပေးထားသော ဘဝအိုးအိမ်သို့ အကြိမ်ကြိမ် လာလိုက်ပြန် လိုက်ဖြင့် သံသရာလည်နေရသော ဘဝများကို ကွင်း ကွင်းကွက်ကွက် မြင်သာစေခဲ့ပါသည်။ ဆရာတော် ဘုရားကြီး၏ တရားတော်များမှာ ဤသို့လျှင် ရိုး သလောက်ဆန်း၍ နားလည်ရ လွယ်ကူသလောက် ဆင်ခြင်နှလုံးသွင်းဖို့မှာမူ လေးနက်လွန်းလှပါသည်။

ကျွန်တော့်အဖို့ ဤသို့သော အကြောင်းအရာ များပေါ်မှ ဆင်ခြင်ဆက်စပ် နှလုံးသွင်းအပ်သော ဓမ္မ သဘောတို့သည် ပြန်ပြော ပြန်ရေးပြလို့ မကုန်နိုင် တတ်သေးပါ။ ဆရာတော်ဘုရား၏ ကျေးဇူးတရားမှာ ဆပ်လို့မကုန် အနန္တတည်း။

"ကောင်းကင်ကို လက်ညှိုးထိုးလို့ မလွဲသလို ဘဲ...တို့ ဟောတဲ့တရားတွေဆိုတာလည်း

www.dhammaransi.com

အဘဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကွန်ယက်ကဘယ်ပြေးထွက်နိုင်ပါ့မလဲကွယ်"

ဟု ဆရာတော်ဘုရားကြီးက အလွန်နှိမ့်ချစွာ ဝန်ခံခဲ့ဖူးပါသည်။ တရားတော်များ၏ လေးနက်ပုံနှင့် ပတ်သက်၍...

"ဘုရားတရားတော်တွေဟာ လေးနက်လှပါတယ်... "

ဆိုပြီး အရှင်အာနန္ဒာက မြတ်စွာဘုရားကို လျှောက်ထားဖူးတယ်... ဒီတော့ ဘုရားရှင်က မြေကြီးပေါ်က မြေမှုန့်လေးတွေယူပြီး လက်သည်းတော်ပေါ်တင်ထားလိုက်တယ်။ ပြီးတော့ အရှင်အာနန္ဒာကို မေးတယ်။

"ချစ်သား... ဒီလက်သည်းပေါ်က မြေမှုန်နဲ့ ကမ္ဘာမြေကြီးပေါ်ကမြေမှုန့် ဘယ်ဟာကများသလဲ... "တဲ့။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား... လက်သည်းတော်ပေါ်ကမြေမှုန့်ထက် ကမ္ဘာမြေကြီးပေါ်က မြေမှုန့်တွေက မနှိုင်းယှဉ်သာအောင် များပြားပါတယ် ဘုရား... "

www.dhammaransi.com

"ချစ်သားအာနန္ဒာ... ငါဘုရားဟောကြားခဲ့သော တရားတော်တို့သည် လက်သည်းပေါ်က မြေမှုန့်လောက်သာ ရှိတယ်... ကြွင်းတရားတို့ကား ကမ္ဘာမြေကြီးပေါ်က မြေမှုန့်လောက်များတယ်... ဒီတရားတွေ ဘာလို့ မဟောဘဲ ခြွင်းချန်ခဲ့ရသလဲဆိုရင် လူတွေ ဉာဏ်မမီနားမလည်မှာစိုးလို့... "

အဲဒီလို အဘဘုရားရှင်ကိုယ်တိုင် ဟောခဲ့ဖူးတယ်ကွယ်။ ဘုရားတရားတော်ဆိုတာ အဲဒီလောက်ထိ လေးနက်ပါတယ်ဟု ဆရာတော်ဘုရားကြီးက ထပ်မံညွှန်ပြတော်မူပါသည်။

ယခုလည်း ကျွန်တော် စုစည်းပူဇော်လျက်ရှိသော ဆရာတော်ဘုရားကြီး၏ တရားတော်များမှာ တစ်မှုန်နှစ်မှုန်မျှစာသော မြေမှုန့်လောက်သာရှိလိမ့်မည် ထင်ပါသည်။ ဤသို့ စုစည်းပူဇော်ရာမှလည်း ဆရာတော်ဘုရားကြီး၏ တရားတော်အာဘော်များမှ ချွတ်ချော်တိမ်းပါးမှု ရှိနိုင်ပါသေးသည်။ ကျွန်တော်၏ တာဝန်သာပါတည်း။

www.dhammaransi.com

မည်သို့ဆိုစေ။ ဤသို့ ပူဇော်ခွင့်ရသည်ကိုပင် ကျွန်တော့်အနေနှင့် ပီတိအားသစ် ဖြစ်ရပါသည်။

မိရိုးဖလာ... မိရိုးဖလာဟူသော ရိုးရိုးအသိကို လွန်မြောက်၍ ပါရမီအဆင့်သို့ အရောက်လှမ်းသိမြင်နိုင်စွမ်းကား အကြောင်းတရားများကို ဖော်ထုတ် ရှင်းလင်းသော 'ဘာ့ကြောင့်' ဟူသော အမေးကို ဖြေဆိုနိုင်ဖို့ လိုလိမ့်မည်ဟု ကျွန်တော် ရိုးသားစွာ ရှုမြင်မိပါကြောင်း... ။

*လေးစားစွာဖြင့်*

**မောင်သွေးချွန်**

၁၃၆၁ခု ဒုတိယဝါဆိုလပြည့် အင်္ဂါနေ့

၁၉၉၉ခု ဇူလိုင်လ ၂၇ ရက်

၇၄၊ သာယာအေးလမ်း၊ ၃ ရပ်ကွက်

သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

www.dhammaransi.com



## ဩကာသနဲ့ ဘာကြောင့် ကန်တော့

ဩကာသ... ဩကာသ... ဩကာသ...

ဩကာသ ကန်တော့ချီး ရွတ်ဆိုပူဇော်သံတွေဟာ ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံး အိမ်တိုင်းစေ့မှာ ကြားရလေ့ရှိတဲ့ အသံများ ဖြစ်ပါတယ်။ သားသမီးတွေ ရလာလို့ စကားပြောတတ်စ အရွယ်မှာကတည်းက ကျွန်တော်တို့ ပထမဆုံး သင်ကြားပေးလေ့ရှိတာ 'ဩကာသ... ဩကာသ... 'နဲ့ ဩကာသကစပြီး ဓမ္မအမွေကို စတင်ပေးဝေလေ့ ရှိတတ်ပါတယ်။ အင်မတန်ချစ်စရာကောင်းတဲ့ ဗုဒ္ဓဘာသာယဉ်ကျေးမှု မြန်မာမှု တစ်ခုပါပဲ။ သို့သော် ကြီးလာတော့... ကြီးလာတော့လည်း ဩကာသကို ကျယ်ကျယ်လောင်လောင် ရွတ်ဆိုပြီး ကန်တော့ကြမြဲ၊

www.dhammaransi.com



ကန်တော့ကြဆဲ ဖြစ်ပေမယ့် **ဘာ့ကြောင့်** ဩကာသ ကန်တော့ချိုးနဲ့ ရွတ်ဆိုပူဇော်ရတယ်ဆိုတာ ကျိုးကြောင်းခိုင်လုံစွာ မသိခဲ့ပါ။ မိရိုးဖလာ အစဉ်အလာတိုင်းသာလျှင် ခရီးနှင်ခဲ့ကြပါတယ်။ **ရဆိုရမ်းဆို ဩကာသဖြင့် လိုက်လှဲသောစေတနာမပါဘဲ ပါးစပ်ဖျားကသာ ဘုရားရှိခိုးခဲ့ကြပါတယ်။** မိုးဦးကျ ဖားတွေအော်သလို တစ်ကောင်အော်လို့ လိုက်အော်တာမျိုး ဖြစ်နေတယ်လို့ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ထောက်ပြညွှန်ပြခဲ့ပါတယ်။

ဒါ့ကြောင့် ဆရာတော်ဘုရားကြီးက **ဩကာသနဲ့ ဘာကြောင့်ကန်တော့ရသလဲ** ဆိုတဲ့အခြေခံအကျဆုံး ဗုဒ္ဓဘာသာဝင်တို့ရဲ့ ထုံးတမ်းစဉ်လာကို စတင်ရှင်းပြခဲ့ပါတယ်။

ဩကာသဆိုတာ ခွင့်ပေးပါလို့ ခွင့်တောင်းတာ၊ အပြည့်အစုံဆိုရင်...

ဩကာသံ ဒေထ၊ ဩကာသံ ဒေထ၊ ဩကာသံ ဒေထ လို့ဆိုရမယ်။

ခွင့်ပေးတော်မူပါဘုရားလို့ သုံးကြိမ်တောင်းပန်တာကလား။

www.dhammaransi.com



ဘာလို့ ခွင့်တောင်းရတာတုန်းလို့ မေးကြည့်။

တပည့်တော်တို့ ကိုယ်,နှုတ်,စိတ်ထား သုံးပါးများနဲ့ ပြစ်မှားမိခဲ့တဲ့ အပြစ်ဟူသမျှတို့ကို ပျောက်ကင်းစေချင်လို့ပါ ဘုရားလို့ အဖြေပေါ်လာတယ်။ ဟုတ်ပြီ၊ ဘယ်မှာ ပြစ်မှားထားတာတုန်းလို့ ဆက်မေး၊ ဘုရားအဆူဆူတို့အပေါ်၊ တရားသံဃာ အဆူဆူတို့အပေါ်မှာ ဘုရားလို့ အဖြေထွက်လာမယ်။

ပြစ်မှားခဲ့ပုံ၊ ပြစ်မှားနေပုံတွေကတော့ ဒီဘဝဗုဒ္ဓဘာသာဝင် ဘဝမှာတောင် မနည်းလှပါဘူး။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက သာဓက ဆောင်ပြပုံမှာ...

"သားတို့ချင်း ခရီးသွားမည်ကြံလျှင်... ဟော့ကောင်... သုတ်သုံးကျမ်း နားလည်ရမတဲ့ကွ မင်းသုတ်သုံးကျမ်းသိရဲ့လား...စားသုတ်သုတ် သွားသုတ်သုတ်... လာသုတ်သုတ် ပြောတာကွ... ရယ်လို့ ဘုရားရှင်ဟောကြားထားခဲ့တဲ့... သမာဓိပိုင်းဆိုင်ရာ သုတ်မဟာ... သုတ်သီလက္ခန် သုတ်ပါထေယျများကို သရော်ထားတယ် မဟုတ်လား။ ဒါ ဒီဘဝမှာပဲ တရားတော်အပေါ် ပြစ်မှားပုံ... သားတို့ ရပ်ထဲ

www.dhammaransi.com



ရွာထဲမှာ အငြိမ့်က ဇာတ်က တစ်ဆင့်ရထား တဲ့ တရားပြက်လုံးတွေ အများကြီးပါပဲ ဘုရားဖျက် သံဃာဖျက် ဖျက်ထားတဲ့ပြက်လုံး တွေလည်း မနည်းပါဘူး... ”

“... ... ... ”

ဒီဘဝသာမဟုတ် ဘဝတိုင်းဘဝတိုင်း၊ဒီကမ္ဘာ သာမဟုတ် ကမ္ဘာ့ကမ္ဘာ့မှာပေါ့။ ဒီဘုရားသာမက ဘုရားအဆူဆူ၊ ဒီသံဃာမျှမက တရားအစားစား သံဃာ အများအပြားပါပဲ၊ မပြစ်မှားဘူးခဲ့သည် မရှိ၊ တစ်ကြိမ်မဟုတ် တစ်ကြိမ်၊ တစ်ကွေ့မဟုတ်တစ်ကွေ့ ပြစ်မှားခဲ့ဖူးကြတာချည်းပဲ၊ ကုန်ကုန်ပြောရလျှင် သား တို့သမီးတို့ကလည်း ခွေးဘဝရောက်နေတုန်း ဘုရား ကလည်းအပွင့် သားတို့နဲ့ ဘုရား တစ်ခုသောလမ်း ကြား ရင်ဆိုင်တွေ့ကြစဉ် ဘုရားကို မိုက်ကြည့်ကြည့် ပြီး ဟောင်ခဲ့သည်မှာအမှန်၊ သံဃာကို ဟိန်းဟောင် ခဲ့သည်မှာလည်း အမှန်ပါပဲကွယ်။

ဒီဘုရားအဆူဆူ၊ တရားအစားစား၊ သံဃာ အများအပြားတို့အပေါ် ပြစ်မှားမိခဲ့တဲ့ မိုက်ပြစ်၊ မသိ ပြစ်၊ မလိမ္မာပြစ် အားလုံးတို့ကို တကယ်လည်း ဆင်ခြင်ဉာဏ်နဲ့မြင်သိ၊ တကယ်လည်းပဲ ကင်းပျောက်

www.dhammaransi.com



လို တဲ့ဆန္ဒကလည်းရှိမှ အပြစ်ကကြေမှာ၊ ဆိုကျင့်ပါလို့ ဆိုရုံနဲ့တော့ စင်းလုံးချော မကြေပျောက်နိုင်ဘူး။

➢ ၉၇-ဩဂုတ်လထုတ်-မဂ္ဂင်ပဒွောဒ္ဓေသိကထာ စာ-၃၃

ဗုဒ္ဓဘုရားရှင် ကိုယ်တော်တိုင်သော်မှ ဟိုရှေးအလွန်နုစဉ်ဘဝများက ရတနာသုံးပါး ပြစ်မှားဖူးလို့ ဝိပါက်တော်များ ခံစားတော်မူရတာ အားလုံးသိပြီးဖြစ်ပါတယ်။ လူသာမန်တို့ကား ဆိုဖွယ်ရာမရှိပြီ။ ဒါ့ကြောင့်-

နှစ်သက်သလို ဝန်ချတောင်းပန်ကြဆိုတော့မှ ပထမ၊ ဒုတိယ စသည်မှ အရိုအသေအလေးအမြတ်လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏ ဘုရားဆိုတဲ့ ဝန်ချတောင်းပန်ခန်း ဆိုက်လာတယ်။

သည်ဩကာသ ကန်တော့ခန်းကို အတိုချုံးပြီး အဓိပ္ပါယ်ဖွင့်ပြရလျှင်...

တပည့်တော် တပည့်တော်မတို့သည်...

ဘဝအဆက်ဆက် သံသရာအဆက်ဆက် တုန်းက ဘုရားအဆူဆူ၊ တရားအဆူဆူ၊ သံဃာအဆူဆူတို့အပေါ် မသိမိုက်မှား စော်ကားကျူးလွန်ခဲ့တဲ့ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ အပြစ်ကြီးအပြစ်

www.dhammaransi.com



ငယ် အသွယ်သွယ်တို့ကို ထိုအားလုံးတို့ကိုယ်စား အရှင်ဘုရားထံပါးမှာ ဝန်ချတောင်းပန်လိုပါတယ် ဘုရား၊ အကယ်၍သာ အရှင်ဘုရားက ထိုဘုရားအဆူဆူ၊ တရားအဆူဆူ၊ သံဃာအဆူဆူတို့ကိုယ်စား ကြေအေးစကား ဆုပေးသနားခဲ့မယ်ဆိုလျှင် တပည့်တော်များ အပါယ်လေးပါးအစ၊ ဗျသနအဆုံးရှိသော ဝဋ္ဋဒုက္ခအားလုံးတို့မှ လွတ်မြောက်ရာ မဂ်ဖိုလ် နိဗ္ဗာန်လမ်းတန်းတန်းကြီး သွားချင်ပါတယ် ဘုရား။

(ငှင်း – စာ ၂၅)

ဒါကြောင့် ဩကာသဟာ ပေါ့သေးသေးမဟုတ်၊ **ဗုဒ္ဓဘာသာဝင်တို့ရဲ့ ရည်ရွယ်ချက်နှင့် လမ်းစဉ်ကြေညာချက်** ဖြစ်တယ်လို့ ဆုံးမတော်မူပါတယ်။ ဒီလို အပြစ်ဝန်ချ ဩကာသနှင့် ကန်တော့တာကို **'ပဏာမ ဂါရဝ'** လို့ ခေါ်ပါတယ်တဲ့၊ ပဏာမဆိုတာ ရှေ့ပြေးလမ်းခင်း သွားလမ်းလာလမ်းကို ရှင်းလင်းခြင်း၊ ဂါရဝဆိုတာ ရိုသေထိုက်သည်ကို ရိုသေပြီး အားမယုဉ် မာန်မတင်းခြင်းဘဲ ဖြစ်ပါတယ်။

ဩကာသနဲ့ ကန်တော့ရခြင်း အကြောင်းရင်းတစ်ခုကတော့ **သဒ္ဓါပေါ်လို့ ပူဇော်လိုတဲ့အခါ ဩကာသနဲ့ ကန်တော့ရပုံ** ဖြစ်ပါတယ်။ ဒါကို

www.dhammaransi.com



တော့ **'သက္ကစ္စဂါရဝ'** လို့ ဆိုရတယ်။ သက္ကစ္စဆိုတာ ပူဇော်ထိုက်သူမို့ ပူဇော်လိုခြင်း၊ ဂါရဝကတော့ အရိုအသေပြုတာ၊

"ဒီမှာ ဘုရားရှင်ရဲ့လက်ထက် ဘုရားရှင်အကြောင်းနည်းနည်း ပြောဦးမယ်။

ဘုရားရှင်မှာ သားတို့သမီးတို့လို အချိန်အားမထားဘူး။ အချိန်ကို အလကား အကုန်မခံဘူး။ အချိန်ကောင်း ဘဝကောင်းနှစ်မျိုးနဲ့ တိုးမိနေကြတဲ့ ဝေနေယျများအတွက် တစ်ခုမဟုတ်တစ်ခု အကျိုးပြုကျင့်ပေးတော်မူနေတယ်ကွဲ့။ အဲ ဝေနေယျများကိစ္စပြီးစီးလို့ဖြစ်ဖြစ်၊ စောင့်ဆိုင်းနေဆဲဖြစ်ဖြစ် နည်းနည်းအချိန်ရသေးလျှင် ဖလသမာပတ် ဝင်စားနေတော်မူသတဲ့ကွဲ့၊ ဖလသမာပတ် ဝင်စားတယ်ဆိုတာရပြီးမဂ်ချမ်းသာများရဲ့ အကျိုးကို ခံစားနေတာ၊ မျက်လုံးတော်များက မှိတ်တာလည်းမဟုတ်၊ ဖွင့်တာလည်းမဟုတ်ဆိုတဲ့ **မမှိတ်မသုန်** နေတော်မူမျိုးကွဲ့၊ သည်တော့ ဝေနေယျတွေလာလျှင် ဘယ်အာရုံပြုပါ့မလဲ။ အနန္တဂေါစရစားကျက်ဆိုတဲ့ တစ်လောကလုံးကြီးရဲ့လွတ်မြောက်ရေးကိစ္စ ဝင်စားနေတော်မူရတာကိုး။

www.dhammaransi.com



ဒီအခါ ဝေနေယျတို့က မိမိတို့လာကြောင်းသိစေလိုလို့၊ မိမိတို့သို့ အာရုံညွတ်တော်မူစေလိုလို့ အသံပြုနေတဲ့အနေနဲ့ **သြကာသ သြကာသ** ခွင့်ပြုတော်မူပါဘုရား စတဲ့ ရှေ့ပြေးစကား ဆိုရတယ်။

ဒီတော့မှ အသိအမှတ်ပြုတော်မူသောအားဖြင့် မျက်လွှာတော်လေးအနည်းငယ်မျှ ဖွင့်ပြတော်မူတယ်။ ဒီပုဂ္ဂိုလ် ကျွတ်ထိုက်မထိုက် ဆင်ခြင်တော်မူတယ်။ ကျွတ်ထိုက်သော် အဘယ်စရိုက် ရှိမရှိ ရှေ့ရှုတော်မူတယ်။ ဆက်လက်ပြီး အဘယ်တရားမျိုး ဟောမှ ကျွတ်မည်၊ မကျွတ်မည်ပေါ့။ တကယ်လို့ မကျွတ်ထိုက်သေးဘူး၊ ဘာတရားဟောလို့မှ နားဝင်မယ့်သူ မဟုတ်ဘူး၊ ကျွတ်လိုတဲ့ဆန္ဒ နာကြားလိုတဲ့ဆန္ဒလည်း ကျိုးတိုးကျဲတဲ တခြားပဲဆိုရင်တော့ ဒီပုဂ္ဂိုလ်က ဦးသုံးကြိမ်ချ ကန်တော့ပြီးတာနဲ့ မျက်တော်ချမြဲချပြီး ဖလသမာပတ်ဖြစ်ဖြစ်၊ တစ်လောကလုံး ဖြန့်ကျက်ပြီး ဖြစ်စေ နေတော်မူသတဲ့ကွဲ့၊ (ၡင်း-စာ ၃၅)

ဒါ့ကြောင့် သြကာသ ဆိုတာ

ပစ္စုပ္ပန်ပြစ်၊ သံသရာပြစ် တို့မှ ဝန်ချရာ၊ မဂ်ဖိုလ်နိဗ္ဗာန်အထိ လမ်းစဉ်ကြေညာရာ၊ သဒ္ဓါဖြစ်ပေါ်လို့ ပူဇော်ခွင့် တောင်းရာဖြစ်တဲ့အတွဂ် ..လေးလေးနက်နက်

www.dhammaransi.com



စိတ်နဲ့အသံ တစ်သားတည်းကျ သြကာသ ပူဇော်ကြဖို့ လိုတယ်ဆိုတာ ရှင်းရှင်းလင်းလင်း သဘောပေါက်နိုင်ကြောင်းပါဗျာ။ ။

၂၁-၇-၉၉

**အညွှန်း** – ၉၇၊ သြဂုတ်လထုတ်၊ မဂ္ဂင်္ဂပမွှေ့ ဓမ္မသိကထာ

*******

www.dhammaransi.com



## နမောတဿ နဲ့ ဘုရားကြောင့်ရှိခိုး

**နမောတဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

သြကာသနဲ့ ကန်တော့ခြင်းဟာ

၁။ ပဏာမ ဂါရဝ

၂။ သက္ကစ္စဂါရဝ (သဒ္ဓါဖြစ်ပေါ်ပူဇော်ခြင်း) ဆိုတာ ပြောခဲ့ပြီးပါပြီ။

ဒီလို သြကာသနဲ့ ကန်တော့ပြီးတဲ့နောက် သရဏဂုံဆောက်တည်ခြင်း၊ သီလယူခြင်း မပြုမီမှာ တစ်ကြိမ်ထပ်ပြီးတော့ ဘုရားရှိခိုး ကြပြန်ပါတယ်။ ဒီဘုရားရှိခိုးကိုတော့ ကိုယ်တိုင် သို့မဟုတ် ရဟန်းသံဃာများက တိုင်ပေးလေ့ ရှိပါတယ်။

www.dhammaransi.com



## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဒီလို သုံးကြိမ်ရှိခိုးကြရပြန်ပါတယ်။ဩကာသ နဲ့ ကန်တော့ပြီးပြီပဲ။ နမောတဿနဲ့ ဘာ့ကြောင့် ထပ်ပြီး ရှိခိုးရပါသလဲ၊ ဒီမေးခွန်းကို ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီလို ဖြေရှင်းပေးထားပါတယ်။

နမောတဿ ဂါထာဟာ ဘုရားအာရုံပြုပြီး ရှိခိုးတဲ့ဂါထာကွယ့်၊ ဘုရားလက်ထက်က သိကြားမင်း ဘုရားထံမှောက် ရောက်တဲ့အခါ သင့်ရာအရပ်ကနေပြီး ခြေစုံရပ်ကာ ရှိခိုးတဲ့ဂါထာမို့ 'သိကြားဥဒါန်း' လို့ ဆိုကြတယ်။ သရဏဂုံ မယူမီ နမောတဿဂါထာ နဲ့ ဦးတိုက်ကြရတာကဖြင့် ဆိုပါစို့ကွယ်၊ လောကီမျက်မြင်ဥပမာ...

သားတို့သမီးတို့ မြို့ရွာရပ်ရွာတွေမှာ အစိုးရ အသင်းအဖွဲ့ဖြစ်စေ၊ ပြည်သူ့အသင်းအဖွဲ့များဖြစ်စေ အသင်းဖွဲ့စည်းဖို့ သို့မဟုတ် ဖွဲ့စည်းပြီး အသင်းနှစ်ပတ်လည် ညီလာခံကျင်းပဖို့ အချိန်ကျရောက်ပြီဆိုလျှင် ဦးစွာကျဆုံးလေပြီးသော အမျိုးသားခေါင်းဆောင်ကြီးများကို အလေးပြုလို့ အခမ်းအနားမှူးက

www.dhammaransi.com



မအော်ဘူးလား။ အဲဒီ လွတ်လပ်ရေးခေါင်းဆောင်ကြီး ကို အလေးပြုကြရတယ်။ သူ့ကြောင့်ရလာတဲ့ လွတ် လပ်ရေးအရသာ ခံစားခါနီး သတိတရ အောက်မေ့ တသတဲ့ အထိမ်းအမှတ်ပဲ။

တို့ ဒီမှာကလည်းပဲ သရဏဂုံသုံးပါးဟာ ဘုရားမှ စတင်ဖြစ်ပေါ်လာတာ၊ တရားကျင့်လို့ ဘုရားပွင့်၊ ဘုရားပွင့်လို့ တရားပေါ်၊ တရားတော် ကျင့်ကြံမှသာ သံဃာဆိုတာ ပေါ်လာတာဖြစ်လေ တော့ သရဏဂုံရဲ့မူလဘူတ အစဟာ ဘုရားပဲ၊ ဝိမုတ္တိ ရသဆိုတဲ့ ဘဝနဲ့ ခန္ဓာတို့မှ လွတ်မြောက်ရာ အရသာ ကိုလည်း ဘုရားရှင်ကိုယ်တော်တိုင် ရှေ့မှဦးဆောင် ပြီး မာန်ငါးပါးကို တိုက်ခိုက်ကာ ရယူပေးခဲ့တာပဲ မဟုတ်လား။

အေး... သို့ကြောင့် သားတို့သမီးတို့ (စစ်ထဲ ဝင်စ၊ လွတ်လပ်ရေးပွဲကျင်းပစ အခမ်းအနားများမှာ လို) ကိလေသာစစ်တိုက်တော့မှာမို့ သရဏဂုံလက် နက် တောင်းခံရာမှာလည်းပဲ ဘုရားအာရုံပြုပြီးမှ သီလ ခံယူရတာကိုးကွယ့်၊ ကဲ ဒီတော့ သံဃာတော် များက သရဏဂုံတိုင်ပေးခါနီး နမောတဿ ဦးစွာ တိုင်ပေးလိုက်လျှင် ဩော် ငါတို့ကို ဘုရားဂုဏ် အာရုံ

www.dhammaransi.com



ပြုခိုင်းတာပဲလို့ သဘောပေါက်ပြီး လုံးစေ့ပါဋ္ဌစေ့ မသိတောင် ဘုရားအာရုံပြုပြီး ဆိုရမယ်၊ နို့မဟုတ် လျှင် တစ်ဦးနှင့်တစ်ဦး သူ့ထက်ငါ အကျောမခံ၊ နမောတဿ အပြေးပြိုင်ပွဲကြီး ဖြစ်နေတတ်တယ်။ ဘုရားဂုဏ် ဖော်ရာမရောက်ဘဲ သရော်ရာရောက်သွား တတ်တယ်။

ကဲ ဘုရားအာရုံပြုလိုက်ဆိုကြ...

**နမောတဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ**

ဆိုလိုချက်ကတော့...

ဘဂဝတော = ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသောရှင်တော်မြတ်ဘုရား။

အရဟတော = ပူဇော်အထူးကို ခံယူတော်မူ ထိုက်ပါသောရှင်တော်မြတ်ဘုရား။

သမ္မာသမ္ဗုဒ္ဓဿ= သစ္စာလေးတန် တရားမှန်ကို မဖောက်မပြန် မိမိအလိုလို ကိုယ် တော်တိုင် သိတော်မူ မြင်တော်မူ ပါသော ရှင်တော်မြတ်ဘုရား။

ဒါက ဘုရားရဲ့ အဓိကဂုဏ်ကို အာရုံပြုပြီး ဖော်ကျူးလိုက်တာ ပြီးမှ...

www.dhammaransi.com



တဿ = ထိုကဲ့သို့ ဂုဏ်အပေါင်းနှင့်ပြည့်စုံတော်မူသောရှင်တော်မြတ်ဘုရားအား

နမော = ဘုရားတပည့်တော် ရှိခိုးပါ၏ ဘုရား လို့ အဓိပ္ပါယ်ရတယ်။

ဒီအဓိပ္ပါယ်ကို အာရုံပြုပြီး သုံးခေါက်ဆိုကြပါကြောင့်

သရဏဂုံ မဆောက်တည်မီ နမောတဿနဲ့ ဘုရားရှိခိုးရခြင်းဟာ သရဏဂုံသုံးပါးရဲ့ မူလပိုင်ရှင်ဟာ ဘုရားရှင်ဖြစ်တော်မူသောကြောင့် ဘုရားဂုဏ်အာရုံပြု ပူဇော်ရခြင်းဖြစ်ကြောင်း မှတ်သားအပ်ပါတယ်။

၂၂-၇-၉၉

**အညွှန်း** – ၉၇၊ ဩဂုတ်လထုတ်၊ မဂ္ဂင်္ဂပဗ္ဗော ဓမ္မသိကထာ စာ ၁၁–၁၂

*******

www.dhammaransi.com



## သုံးကြိမ်ဘာကြောင့်ဆိုရ

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင်တွေမှာ

ဩကာသကိုလည်း သုံးကြိမ်၊ နမောတဿ ကိုလည်း သုံးကြိမ်၊

သရဏဂုံ ဆောက်တည်ရာမှာလည်း ဒုတိယမ္ပိ၊ တတိယမ္ပိအားဖြင့် သုံးကြိမ်၊

'အဟံဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံယာစာမိ' ရယ်လို့ သီလခံယူရာမှလည်း သုံးကြိမ် ဒီလို သုံးကြိမ် ဘာ့ကြောင့် ရွတ်ဆိုရပါသလဲ။

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက ဒီလိုအဖြေပေးထားပါတယ်။

"ထိုသို့ တစ်ကြိမ်မက နှစ်ကြိမ်၊ နှစ်ကြိမ်မက သုံးကြိမ်တိုင် တောင်းပန်ရခြင်းမှာ–

www.dhammaransi.com



(က) ဂုဏ်ကြီးသူတို့ထံ ချဉ်းကပ်ဆက်ဆံရာ၌ အလေးမြတ်ထားပုံ ပေါ်လွင်စေခြင်းဖြင့် မိမိဘက်၏ သိက္ခာကို သက်သေပြရာလည်း ရောက်ပါသည်။

(ခ) တစ်ဖက်၏တာဝန်သည်လည်း မိမိထံမှ တစ်ကြိမ် တောင်းပန်ခြင်းသည် မခိုင်လုံသေး၍ နှစ်ကြိမ်အထိ စောင့်ရ၏။ နှစ်ကြိမ်မျှဖြင့်လည်း မခိုင်လုံသေး၍ သုံးကြိမ်အထိ ငံ့လင့်ရ၏။ သုံးကြိမ်တောင်းပန်လာပါသော်ကား

(၁) ဤသူတော်စင်သည် တကယ်လျှင် သရဏဂုံလက်နက် ကိုင်စွဲထွက်၍ ရန်ဘက်ကိလေသာ အယုတ်တရားစုများကို တွန်းလှန်ချေဖျက် ဖြိုဖျက်လိုသူပေတကား။

(၂) ဤသူတော်စင်သည် တကယ်လျှင် ကိုယ်ကျင့်သိက္ခာ မြင့်မြတ်ရာကို လိုက်ပါလိုသူပေတကား။

ဤသို့လျှင် ပိုင်နိုင်စွာ အသိအမှတ်ပြုနိုင်လာတော့ သဖြင့် မိမိထံရှိ သရဏဂုံနှင့် သီလကျင့်စဉ်များကို ချီးမြှင့်ပေးသည်။ ခွင့်သာစေပါသည်။

www.dhammaransi.com



အဘယ်ကြောင့်ဆိုသော်–

သရဏဂုံလက်နက် မကိုင်ဆောင်လိုသူထံသို့ မိမိ၏သရဏဂုံများ တည်ဆောက်တပ်ဆင်ပေးမိမှားက ထိုသူပေါ့လျော့သဖြင့် အကယ်တိတိ ထိုသရဏဂုံများ ကိလေသာတို့ အဝါးခံရသော် မိမိမှာလည်း (သီလပေးသူမှာလည်း) တာဝန်မကင်းသောကြောင့် **သီလတောင်းသူက** ဝတ်ကျေတန်းကျေ တစ်ကြိမ်မျှ **တောင်းပန်ရုံဖြင့်** မပေးကောင်းသေးပြီ။

ကိုယ်ကျင့်မစင် အာရုံဆိုးများ အဝင်ခံလိုသူထံသို့ မိမိ၏ သိက္ခာပုဒ်များကို တည်ဆောက်ပေးမိမှားကလည်း ထိုသူမေ့လျော့သဖြင့် အကယ်တိတိ အကျင့်ပျက်နေသော် တည်ဆောက်ပေးသောသူ မိမိမှာလည်း လူမိုက်လက်သပ် မွေးဖွားမိသော ဆရာညံ့ပမာ တာဝန်မကင်းသောကြောင့်လည်း စိတ်မပါ့တပါ တစ်ကြိမ်တစ်ခါ တောင်းပန်ရုံမျှဖြင့် သီလမပေးကောင်းသေးပြီ။ သို့ကြောင့်လျှင် သုံးကြိမ်တိုင် **တောင်းပန်ရခြင်း၊ သုံးကြိမ်စေ့မှ** ပေးရခြင်းများကို **သဘောပေါက်ပါလေ။**

မင်္ဂလတ္ထဒီပနီ = မဂ္ဂုဒ္ဒေသက ကထာ စာ ၂၉– စာ ၃၀

www.dhammaransi.com



သရဏဂုံသုံးကြိမ် ဆောက်တည်ခြင်း အကြောင်းရင်းကို အဲဒီလို ရှင်းပြတော်မူပါတယ်။

အဲဒီသုံးကြိမ်တောင်းပန်ပြီးတဲ့နောက် သီလ ပေးမယ့် ရဟန်းတော်ဟာ

'ဟမဟံ ဝဒါမိ၊ တံ ဝဒေထ' လို့ သတိပေး တော်မူပါတယ်။ အဓိပ္ပါယ်ကတော့ 'အကြင်စကား ကို ငါဆိုတော့မည်၊ သင်တို့ လိုက်လံ၍ ရွတ်ပွားကြ ပါကုန်' လို့ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က လည်း 'အာမဘန္တေ' လို့ ဝန်ခံချက် ပေးလိုက်ကြပါ တယ်။ ဒီမှာ **သတိပေးခြင်းနှင့်ဝန်ခံခြင်း** ကို တွေ့ ရပါမယ်။ ဒါဟာ ရဟန်းတော်များ ရွတ်ဆိုပေးမယ့် စကားရပ် စကားလုံးတွေမှာ စိတ်မပါ သတိကင်းမဲ့ ဆိုရွတ်မှားမိခဲ့ပါသော်...

(က) ဆိုသူ၌ စိတ်မပါတော့သဖြင့် သရဏဂုံ မတည်တော့ပါ။

(ခ) ခံယူစဉ်ကပင် သရဏဂုံ မတည်တော့သဖြင့် ပွားစရာလမ်းလည်း မရှိတော့ပါ။

ဆိုပါစို့။ ယာတစ်ခင်း မျိုးစေ့များ စိုက်သွင်း လျက်က ကြီးပွားခြင်းဖြစ်စေရာ၌ မြေဆီရှိရာ မြေထဲ သို့ မျိုးစေ့များ စိုက်ကျမသွားခဲ့ပါသော် အညွန့်

www.dhammaransi.com



အညှောက်ထွက်ခြင်း၊ အလျဉ်းမရှိဘိသို့ အညှောက်မထွက်က အပင်တက်ခြင်းလည်း ကင်းဘိသို့ အပင်မှ မသန်သော် အပွင့်အသီးမသီး အချည်းနှီးဖြစ်ဘိသို့ အကယ်တိတိ သရဏဂုံ တည်စဉ်ကပင် သတိဖြင့်ပိုက် စိတ်စိုက်ကျ မသွားစေခဲ့သော် ရေသောက်မြစ်ကင်း၊ ရေသောက်မဆင်းသော သစ်နွယ် သစ်ပင်ပမာ စိတ်စင်ကြယ်မြင့်မြတ်ခြင်းမှ ဖြစ်သော စိတ်တန်ခိုး စိတ်သတ္တိ ကြီးထွားရင့်ကျက်မှု ညှံ့ဖျင်းပါတော့မည်။

သို့ကြောင့်လျှင် ရှေ့ဆက်လက်ဆိုရတော့မည့် သရဏဂုံသီလများ၌ အမှတ်မဲ့ မဆိုမိပါရန် သတိစကားလက်ဦး ပေးထားခြင်း၊ ပေးထားသောအတိုင်း သတိအနေအထားဖြင့် ပြင်ဆင်ထားခြင်း ပြုလုပ်ရသည်ဟူ၍ မှတ်ပါလေ။

မဂ္ဂုဒ္ဒေသက ကထာ - စာ - ၃၁

ဒါကတော့ သရဏဂုံ သုံးကြိမ်ဆောက်တည်မှုအပေါ် ရှင်းပြချက် ဖြစ်ပါတယ်။

ဩကာသ၊နမောတဿတို့ကိုလည်း ဒီနည်းတူနားလည်အပ်ပါတယ်။

တောင်းသူဘက်ကလည်း တရိုတသေ၊ ပေးသူ

www.dhammaransi.com



ဘက်ကလည်း အလေးအနက်၊ ဒီအချိန်မှာ စိတ်ကလေး အပြင်ထွက်မသွားသာအောင် တစ်ကြိမ်မမိ နှစ်ကြိမ်၊ နှစ်ကြိမ်မမိသုံးကြိမ် အထိ ရွတ်ဆိုကြရခြင်း ဖြစ်ပါတယ်။ တစ်ကြိမ်တည်းဖြင့် လုံးစေ့ပါဌ်စေ့ မိမိ ရရ အရယူဆောက်တည်နိုင်ကြပါလျှင်ကား ကောင်းလေစွ၊ သို့သော် စိတ်သည် မငြိမ်၊ အချိန်နှင့်အမျှ ပြေးဆော့နေတတ်ပေရာ သံဃာတော်တို့စကား စိတ်နှင့် တစ်သားတည်း ဖြစ်ဖို့မလွယ်ကူပြီ။ ဒါကြောင့် ခြေကမမြဲ လက်ကမြဲဆိုသလို တစ်ကြိမ်နှင့်မလုံလောက်သောကြောင့် သုံးကြိမ် ရွတ်ဆိုရခြင်း ဖြစ်ပါကြောင်း နားလည်အပ်ပါတယ်။

၂၂-၇-၉၉

***အညွှန်း*** - ၁၃၅၇ ခုနှစ်ထုတ်၊ မင်္ဂလာဒွေသက ကထာ

*******

www.dhammaransi.com



## ပုံတော်မှ ဂုဏ်တော်သို့ ဘာ့ကြောင့် ရည်မျှော်

ကျွန်တော်တို့ဟာ ဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ ဆီမီး၊ နံ့သာကပ်လှူ ပူဇော်တဲ့အခါမှာ...

**'အရဟာတာဒိ နဝဂုဏောဟိ'** အစချီပြီး ဘုရားရှင့်ပုံတော်ကို ပူဇော်လေ့ ရှိကြပါတယ်။

ဗုဒ္ဓမြတ်ဘုရား မဟာပရိနိဗ္ဗာန်ပြုသွားတာ နှစ်ပေါင်းနှစ်ထောင်ကျော်ခဲ့ပြီ ဖြစ်ပေမယ့် ကိုယ်စားတော်အဖြစ် ပုံတော်၊ ဆင်းတုတော်များကို ဗုဒ္ဓဘာသာဝင်တို့ရဲ့နေအိမ်တိုင်းမှာ ပူဇော်ထားရှိပါတယ်။ကျွန်တော်တို့ရဲ့ ရှုတ်ဆိုပူဇော်ခြင်းမှာ မြတ်စွာဘုရားရဲ့ အတုမရှိ ဂုဏ်တော်တွေ ပါဝင်နေပြီးဖြစ်ပေမယ့် ကျွန်တော်တို့ရဲ့ စိတ်အာရုံက ဘုရားပုံတော်ဆီမှာပဲ ရပ်တန့်ရောက်ရှိနေပါသေးတယ်။ တစ်နည်းအားဖြင့် ဗုဒ္ဓမြတ်

www.dhammaransi.com



ဘုရားရဲ့ ဂုဏ်တော်ဆီသို့ ရောက်အောင် မပူဇော် မကြည်ညိုတတ်ကြသေးပါ။ ဘုရားရှင့်ကိုယ်စားတော် အဖြစ် တည်ထားကိုးကွယ်တဲ့ စေတီပုထိုးတွေကို ကြည်ညိုရာမှာလည်း ဒီလိုပါပဲ။ ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက "ဘုရားရှင်ရဲ့ ဂုဏ်တော်အထိရောက်အောင် မကြည်ညိုတတ်သေးရင် အုတ်ခဲပုံကြီး ထိုင်ရှိခိုးသလို ဖြစ်နေလိမ့်မယ်" လို့ ဆုံးမဖူးပါတယ်။ အိမ်၊ ကျောင်း၊ ဓမ္မာရုံတွေမှာ ပုံတော်ကို ကြည်ညိုရာမှာလည်း...

(က) ပုံတော်သည် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာစဉ် ရုပ်တုတော် ရူပကာယအသွင်ကို ဆို၏။

(ခ) ဂုဏ်တော်သည်ကား ဘုရားဆုပန်ဘဝ ပါရမီဖြည့်စမှသည် ရင့်မာကာလ ယခုဘဝ အလောင်းတော်ဘဝ၏ အကျင့်မှ အပွင့်သို့ ကူးထွက်လာရန် အားထုတ်မှုအထိသော စွမ်းဆောင်ချက်ကားတစ်ခု၊

ပွင့်သဖြင့် ဘုရားအဆင့်သို့ ရောက်ရှိစဉ်ကာလ ဝေနေယျတို့အပေါ် ထားရှိမြဲ မဟာဂရုဏာတော်ဓာတ်၊ မေတ္တာတော်ဓာတ်နှင့် တကွသော ကယ်တင်ဆယ်မမှု စွမ်းဆောင်ချက်ကားတစ်ခု၊

www.dhammaransi.com



ထိုနှစ်ခုပေါင်းမှ ထွက်ရှိလာသော အရဟတ္တ အစဖြာသော ဂုဏ်တော်အနာဝရဏဉာဏ်၊ သဗ္ဗညုတ ဉာဏ်၏ စွမ်းပကားများသည် ဉာဏ်တော်ဟူ၍ ဆိုရ၏။ သစ္စာအမြင် ဉာဏ်အလျဉ်တော်တည်း။

ထိုသို့ ပုံ၊ ဂုဏ်ဟူ၍ နှစ်မျိုးရှိရာ ပုံကား ပုဂ္ဂိုလ် အသွင်ကိုဆောင်၍၊ ဂုဏ်ကား ဘုရားသခင်ကို ဆောင်၏။

၁။ အကယ်တိတိ မျက်မြင်ဒက်ထိ ပုံတော်ကိုသာ ကြည့်၍ ကပ်လှူမိ၊ ပူဇော်မိ၊ အာရုံယူမိပါ သော်ကား ပုဂ္ဂိုလ်၌သာခင်မင်၊ ပုဂ္ဂိုလ်၌သာ စိတ်မေးတင်နေရကား ဂုဏ်တော်ဟိတ်တည် ရာ ဓမ္မဓာတ်အားများ မိမိနှလုံးသားအတွင်း မချဉ်းနင်းမိစေနိုင်။ ဘုရားရှင်၏ ကရုဏာ ဓာတ် မိမိနှလုံးသားသို့ မဟာပ်နိုင်။

၂။ အကယ်တိတိ ဂုဏ်တော်များကိုသာ စိတ်က ရည်မှန်း လှူဒါန်းပူဇော်ပါသော်ကား မိမိ၏ မျက်စိအကြည်ဓာတ်၊ နားအကြည်ဓာတ်၊ စသည်တို့မှတစ်ဆင့် ပေးပို့သော ပုံတော်၏ အမြင်ဓာတ် အကြားဓာတ်များစွာ ချထားပြီ

www.dhammaransi.com



ဖြစ်ရကား နှလုံးသား၏ မနောဓာတ်တစ်ခု
တည်းဖြင့် သဲကွဲစွာ မိမိဉာဏ်ကျက်စားခွင့်
မရစေနိုင်။

သို့ကြောင့် ပုံတော်ခေါ်သော ဘုရားရှင်၏ ရုပ်ရှင်တော် သွင်ပြင်မှုရာ လက္ခဏာများကို မိမိ၏ ပြင်ပရှိ မြင်သိကြားသိ စသည်တို့က ပုံဖမ်းပေး၊ ဂုဏ်တော်ခေါ်သော ကျေးဇူးတော် စွမ်းဆောင်မှုအဖြာဖြာ စိတ်စေတနာများ ထားရာကို မိမိ၏အတွင်းရှိ ဆင်ခြင်သိ ဝိညာဉ်က သုံးသပ်ပေးပါမှ သဒ္ဓါလည်းတက်၊ ပညာထက်၍၊ နှစ်ဘက်ညီညာ စုံကျလာမည်ကို သတိရှိပါလေ။ (မင်္ဂုဒ္ဒေသက ကထာ စာ ၆၅)

မွေးဖွားကြီးပြင်း ရောဂါကင်း၊ ပညာတက်၊ ကြီးပွားလာတဲ့ သားတစ်ယောက်က ငါ ဘာ့ကြောင့် ဒီလိုအောင်မြင်တဲ့သူတစ်ယောက် ဖြစ်လာရပါလို့မ်လို့ မှန်းဆသုံးသပ်ကြည့်တဲ့အခါ မိဘကျေးဇူးရဲ့ အဦးအစ၊ မိဘမျက်နှာ ပြန်မြင်လာရသလိုပဲ ဘုရားရှင်ရဲ့ဂုဏ်တော် ကျေးဇူးတော်တို့ကို ဆင်ခြင်ပူဇော်အပ်တယ်လို့ ဆိုပါတယ်။

www.dhammaransi.com

ဒီလိုပဲ ဘုရားရှင်ရဲ့ ပုံတော် ဂုဏ်တော်တို့ကို အာရုံယူရာမှာလည်း...

"ဘုရားရှင်ထံတော်ရှိ ဂုဏ်တော်ခေါ်သော မေတ္တာတော်စာတ်ကို လည်းကောင်း၊ ပယတ္တိဂုဏ် ဖွဲ့ လုံ့လပယောဂဖြင့် ကယ်မမှု ဓမ္မဓာတ်ကိုလည်း ကောင်း၊ ထိုဓာတ်အားနှစ်ခုတို့ သိုထားရာ ပုံတော် ခေါ်သော ဘုရားရှင်၏ရုပ်ရည် ရူပကာယ (နာမ ကာယ) တော်တို့ကို လည်းကောင်း၊ ထိုအကြားမှ အဆုံးအမခံခွင့် ရလာသော မိမိ၏ အသိစိတ်ဓာတ် ရင့်ကျက်လာခြင်းများကို လည်းကောင်း မြင်တွေ့လာ တော့သည်သာ ဖြစ်၏။

ထိုသို့ မြင်သိ သက်ဝင်ဉာဏ်သန်သန် တည့် လျက်ကသာ ပုံတော်ကို ရည်မှန်းလှူဒါန်းဆက်ကပ် ပြီး ဂုဏ်တော်ကို ရည်မှန်းပူဇော်တတ်ပါလေ။ သို့ မဟုတ် ဒေမ – ဆက်ကပ်ပါ၏ဟူ၍ ရွတ်ဆိုကာ ပုံ တော်ကို အာရုံပြု၍ ပူဇေမိ – ပူဇော်ပါ၏ ဟူ၍ ရွတ် ဆိုကာ ဂုဏ်တော်ကိုသာ အာရုံပြုပါလေ့။

ထိုသို့ အာရုံပြုတတ်ပါက ပုံတော်မှ ဖြစ်သော ဗုဒ္ဓဓာတ်၊ ဂုဏ်တော်မှဖြစ်သော ဓမ္မဓာတ်ကား မိမိ၏

www.dhammaransi.com



နှလုံးသား ကျက်စားလာရပေပြီတကား... လို့ ဆရာတော်ဘုရားကြီးက လမ်းညွှန်ခဲ့ပါတယ်။

ဒါ့ကြောင့် ပုံတော်မှ ဂုဏ်တော်သို့ ရည်မျှော်ပူဇော်တတ်မှသာလျှင်

အကျိုးဖလ အပြည့်အဝ ရလိမ့်မယ်ဖြစ်ကြောင်း နားလည်ခဲ့ရပါတယ်။ ။

၂၂-၇-၉၉

**အညွှန်း** – ၁၃၅၇ ခုနှစ်ထုတ်၊ မဂ္ဂုဒ္ဒေသကကထာ စာ – ၆၆

*******

www.dhammaransi.com



## အနန္တငါးပါး ဘာ့ကြောင့်ထား

"ဘုရားနှင့်တစ်ဂိုဏ်းတည်း" ဆိုရင် သံဃာတော်များနှင့် မိဘ၊ ဆရာ တို့ကိုပါ ပြေးမြင်မိကြပါလိမ့်မယ်။ ဘုရားရှင်၏ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ ကျေးဇူးတော်အနန္တ တို့ကိုပါ မှန်းဆပြောပြခြင်းငှါပင် မတတ်သာစကောင်းပြီ၊ တရားဂုဏ်တော် ဆိုလျှင်လည်း လူ နတ် ဗြဟ္မာ သတ္တဝါဝေနေယျတို့အား သံသရာဝဲဩဃမှ လွတ်မြောက်ရာ နိဗ္ဗာန်တည်းဟူသော ကုန်းကြည်းသို့ ပို့ဆောင်ရာ မဂ္ဂင်ယာဉ်ကြီးအဖြစ် အံ့ချီးရှိသေ၍ မဆုံးရာပြီ။ ဘုရားရှင်သော်မှ ဘုရားဖြစ် ပွင့်တော်မူစက

3.A

www.dhammaransi.com



လောကမှာ အရိုအသေမရှိဘဲ မနေစကောင်းပြီ။ ငါ ဘယ်သူ့ကိုများ ရိုသေရပါ့လို့ လောကဓာတ်တစ်ခွင် မျှော်ခေါ်ကြည့်လိုက်တဲ့အခါ ဘုရားရှင်ထက် လွန်ကဲထူးမြတ် ရိုသေအပ်သူကို မတွေ့ခဲ့၊ ဤသို့ဖြင့် ဘုရားရှင်သည် မိမိကိုယ်တော်တိုင် ထွင်းဖောက်တွေ့မြင်ခဲ့သော တရားတော်တို့ကိုသာ အရိုအသေပြု၍ နေခဲ့သည်တဲ့။ ဘုရားရှင်ကိုယ်တော်တိုင်သော်မှ ရိုသေရသော တရားတော်ပါပေ။

ပြီးတော့ ဘုရားရှင်ကို ကြည်ညိုလွန်းလို့ ဘုရားရှင့်သင်္ကန်းစွန်းဆွဲပြီးဘုရားနောက်တစ်ကောက်ကောက် လိုက်နေတဲ့ အရှင်ဝက္ကလိ ရဟန်းကြီးအားလည်း...

"ငါ ဘုရားနှင့် ခန္ဓာချင်း နီးပေသော်လည်း တရားမတွေ့လျှင် ငါဘုရားနှင့် ဝေးသည်သာတည်း၊ ငါ ဘုရားနှင့် ယူဇနာများစွာ ဝေးကွာနေသော်လည်း တရားတွေ့လျှင် ငါဘုရားနှင့် နီးသည်သာတည်း" လို့ ဆုံးမခဲ့ပုံဟာလည်း တရားတော်ရဲ့ ဘုရားရှင်နှင့် ထပ်တူဖြစ်ခြင်းကို ညွှန်ပြတော် မူခဲ့တာပါပဲ။

သံဃာတော် အရှင်မြတ်တို့သည်လည်း ဘုရားရှင်နှင့် ထပ်တူပင်ဖြစ်ကြောင်း ကျေးဇူးတော်ရှင်

www.dhammaransi.com



မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက ဒီလိုသာဓကဆောင်ပြဖူးပါတယ်။

"ဘုရားရှင်ကို မိထွေးတော်ဂေါတမီက ပုဂ္ဂိုလ်စွဲကြီး ထိုးတည်းနဲ့ပေါ့။ **တိဋ္ဌ မုနိ စိရံ ကပ္ပ** လို့ဆိုပြီး သားဘုရားရှေ့ရောက်တိုင်းကန်တော့လေ့ရှိသတဲ့။ အဓိပ္ပါယ်ကတော့ လူသုံးပါး (တကယ့်လူ၊ နတ်လူ၊ ဗြဟ္မာလူ) တို့ရဲ့ ဦးဆောင်ဖြစ်တော်မူတဲ့ သားတော်ဘုရား... ကမ္ဘာရှည်လျားစွာ အသက်ရှင်တော်မူပါစေလို့ ဆိုရမယ်။ ဒီတော့ ပုဂ္ဂိုလ်စွဲကြီး အယူသည်းတဲ့ မိထွေးကို တားမြစ်ပြီး အသစ်ကန်တော့နည်း သင်ပေးတော်မူတယ်။

**အာရဒ္ဓ ဝီရိယေ ပဟိတတ္တေ နိစ္စံ ဒဠှ ပရက္ကမေ သမဂ္ဂေ သာဝကေ ပဿဝသာ ဗုဒ္ဓါန ဝန္ဒနာ။**

မြန်မာလိုကတော့ ပြင်းပြင်းထန်ထန် အားထုတ်နေတဲ့ အမြဲလည်းပဲ ကြိုးစားနေတဲ့ ညီလည်းညီညွတ်လှတဲ့ ငါဘုရားရဲ့တပည့်အားလုံးကို ဖူးတွေ့ကန်တော့လိုက်၊ ငါဘုရားရဲ့ တပည့်အားလုံးကို ကြည့်လိုက်၊ ရှုလိုက်၊ အဲသလို ဖူးမြင်ကြည့်ရှုဂါရဝပြုနေတာ ငါ့ကို ဂါရဝပြုနေတာပဲတဲ့။

၉၇၊ သြဂုတ်လထုတ်၊ မဂ္ဂင်ပဗ္ဗေါ ဋ္ဌေသိကထာ စာ ၃၆

www.dhammaransi.com



ဘုရားရှင်ကိုယ်တော်တိုင်က တပည့်သား သံဃာတို့အပေါ် ကိုယ်တော်နှင့်ထပ်တူ ဖော်ပြခဲ့တာမို့ သံဃာ့ဂုဏ်တော်သည်လည်း အနန္တပါပေ၊ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက–

**ရဟန်းဆိုတာ** = ရန်ကိုအောင်လို့ ပူဇော်အထူးကို ခံယူထိုက်သူတို့ရဲ့အမည်၊

**သံဃာဆိုတာ** = ဘုရားရှင်နှင့် အကျင့်တူ အမြင်တူ သူတို့ရဲ့ အခေါ်အဝေါ်၊

၎င်းတို့ ဝတ်ရုံထားသော သင်္ကန်းတော်တို့ဟာ ပူဇော်အထူး ခံထိုက်သူဟူ၍ အများတို့သိအောင် လွှင့်ထူထားတဲ့ အလံတံခွန် သို့မဟုတ် စစ်ပွဲအောင် သဖြင့် လွှင့်ထူထားတဲ့ အောင်လံတော် အဲဒီ အောင်လံနဲ့ တွဲဖက်ထားတဲ့ ရုပ်ရူပကာယတော် ကြည့်လိုက် ပြန်တော့လည်းပဲ ရန်မီးငြိမ်းလို့ အေးဆေးသော မျက်နှာထား၊ ရန်သူလွတ်လို့ တည်ကြည်သော ဣန္ဒြေ၊ ရန်အောင်ထားလို့ ကလက်မှုကင်းသော တက်ကြွမှု (လန်းဆန်းမှု) အသွင်၊ သည်လိုဝင့်ဝါ၍ ဖအေးဆေး သော ကိုယ်တို့ကို ကြည့်မိရှုမိသူမှာ ဆောင်းကြား သွား ခရီးသွားလို လရောင်အောက် လျှောက်သောသူ

www.dhammaransi.com



တို့လိုလည်း အေးစေတယ်၊ စမ်းရေသောက်ခွင့်ရသော ခရီးသည်လိုလည်း အမောပြေစေနိုင်တယ်။ ကိုယ့်ထံ ရှိ အပူမှန်သမျှ ငြိမ်းပြီး ကိုယ့်ထံကိန်းအောင်းနေ သော ကိလေသာရန်သူတွေလည်း ငြိမ်းကျသွားစေ နိုင်တယ်... ”

၁၉၉၄ ပအကြိမ်ထုတ် မင်္ဂလာဓာရဏ ကထာ စာ ၁၃၇

သံဃာ့ဂုဏ်ကို ကျေးဇူးရှင်ဆရာတော်ဘုရား ကြီးက အဲသလောက်ထိ ဖော်ညွှန်းဖွဲ့နွဲ့ပါတယ်။ ဤမျှဖြင့် သံဃာ့ဂုဏ် အနန္တကိုလည်း ရိပ်စားမိစေ ရာပြီ။

မိဘတို့ ဂုဏ်ကျေးဇူးအနန္တ ဆိုတာလည်း အထူးပြောစရာမလိုပြီ။ ဘုရားရှင်တော်မှ မေတ္တာ တရားနှင့် ပတ်သက်၍ ပညာပေးတော်မူလျှင် ‘တစ်ဦး တည်းသော သားအပေါ် ထားအပ်သော အမိ၏ မေတ္တာကဲ့သို့’ လို့ ဟောတော်မူတယ် မဟုတ်ပါလား။

“အဲ မိဘများကျတော့ ကိုယ့်သားသမီးအပေါ် ထားတဲ့စေတနာ ဘုရားစိတ်ထားမျိုး၊ ဆရာများက မိမိတပည့်အပေါ်ထားတဲ့ စေတနာကလည်းသည့် အတူပေါ့’ လို့ မင်္ဂလပဗ္ဗါဒေသိကထာမှာ ဆရာတော် ဘုရားကြီး ရေးပါတယ်။

www.dhammaransi.com



ဆရာ့မေတ္တာ စေတနာနှင့် ပတ်သက်လို့က တော့...

“ဆရာကောင်းဆိုတာ တပည့်နှင့် ပတ်သက်လာလျှင် ဘုရားစိတ်ထားမျိုးထားနိုင်မှ သူ့လက်ရှိနည်းညာကို ပေးမယ်။ မတော်တာတွေ့လည်း ဆုံးမမယ်။ ဘေးကင်းရန်ကင်းအောင်လည်း သူ့သိလသိက္ခာများနဲ့ အကာအကွယ်ပေးမယ်။ မိမိနဲ့ခြေရာမတူအောင် ဆရာစားချန်ထားတာမျိုးလည်း ကင်းပမယ်။ တပည့်ရှေ့ အလားအလာ ကောင်းနေလျှင် မိမိထက်တော်တဲ့ ဆရာထံကိုလည်းသွားရန် ညွှန်ကြားမယ်ဆိုရင် သည်ဆရာမျိုးဟာ **အနန္တဂိုဏ်းဝင်** ဆရာပဲ... ” လို့ မင်္ဂလာဓာရဏ ကထာ စာမျက်နှာ ၁၁၂ မှာ ရေးတော်မူခဲ့ပြန်ပါတယ်။

“သို့ကြောင့် သည်ငါးမျိုး ဘုရားနဲ့တန်းတူထား ဆက်ဆံကြရတယ်။ သည်ငါးပါးတို့ရဲ့မေတ္တာစေတနာများလည်း သူတို့ဘက်က ခန်းခြောက်သွားတယ်မရှိလို့ အနန္တ။ ဒီဘုရားမျိုး၊ ဒီတရားမျိုး၊ ဒီသံဃာမျိုး၊ ဒီမိ ဒီဖ၊ ဒီဆရာမျိုး ခိုကိုးခွင့်ရတဲ့ သားတို့သမီးတို့ဘက်မှာလည်း ကောင်းကျိုးပေးက ဒီမျှ

www.dhammaransi.com



လောက်၊ ဒီဘဝလောက်၊ ဘယ်လောက်ဘယ်လောက် ရယ်လို့လောက် မဝင်သာတဲ့အတွက်လည်း အနန္တကွဲ့၊ မှတ်ထား၊ ဒီအနန္တမျိုးမှ ရှိမခိုး ဘယ်သူ့သွား ရှိခိုးမလဲ ကွယ်... ”

၂၂-၇-၉၉

**အညွှန်း** – ၁၉၉၄၊ ပအကြိမ်ထုတ် မင်္ဂလာ ဓာရဏကထာ

၁၉၉၇၊ ဩဂုတ်လထုတ်၊ မဂ္ဂင်္ဂ ပပွေါ်ငွေသိကထာ

*******

www.dhammaransi.com



## မနောကံအဓိက ဘာ့ကြောင့်လဲ

ဩကာသ ကန်တော့ခန်းမှာ...

ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးတို့ဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ဆိုတာ ပါပါတယ်။ ဒီကံသုံးပါးမှာ မနောပြစ်မှုဟာ အကြီးလေးဆုံးလို့ ဘုရားရှင် ဥပါလိသုတ်မှာ ညွှန်ပြတော်မူခဲ့ပါတယ်။ ဥပါလိဟာ ခိုးမှုသတ်မှုဆိုတဲ့ ကာယကံမြောက် ပြစ်မှုတွေသာ အဓိကလို့ ဘုရားရှင်ကို ဝါဒချင်း လာပြိုင်ဖူးပါတယ်။ အဲဒီမှာ ဘုရားရှင်က...

"သင် ဒီကိုလာစဉ် လမ်းမှာ ပိုးကောင်လေးတွေ နင်းမိလို့ ပိုးကောင်လေးတွေ သေခဲ့ရင် သင့်မှာ

www.dhammaransi.com

ကာယကံပြစ်မှုရှိနေပြီ” လို့ ညွှန်ပြတော်မူတဲ့အခါ ဥပါလိ က “ပိုးကောင်းလေးတွေကို မတော်တဆ နင်းမိခဲ့ခြင်းသာ ဖြစ်ပါတယ်... သေစေလိုတဲ့စေတနာ (မနောကံ) မပါရှိလို့ မပြစ်မရှိ” လို့ ထုချေပါတယ်။ ဘုရားရှင်ရဲ့ လျှပ်တစ်ပြက် ထိုးစစ်ကို ဥပါလိကြီး အငိုက်မိခံလိုက်ရတာပါပဲ။ ဘုရားရှင်က ဒီလိုပိုင်ပိုင်နိုင်နိုင် ဟောတော်မူပေပြီ။

“ဥပါလိ...သင့်အပြောထဲမှာဝန်ခံပြီးသားဖြစ်နေပါပေါ့လား။ သေစေလိုတဲ့ စေတနာ(မနောကံ)သာ အဓိကဖြစ်ကြောင်း သင် ဝန်ခံနေပေပြီ” တဲ့။ ဥပါလိလည်း အရှုံးပေးပြီး မနောကံသာအဓိကဖြစ်ကြောင်း လက်ခံလိုက်ရပါတော့တယ်။ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက...

“ဘာ့ကြောင့်ဆို စေတနာဟာ မနောမှာ တည်နေလို့၊ သဘောနဲ့ သဘာဝတို့ရဲ့ ကောင်းရဲ့ဆိုးရဲ့ အထင်အမြင်မျိုး မနောမှာသာ ရှိလို့တဲ့ကွဲ့။ ကြံစည်မှုက ရှေ့သွားခေါင်းဆောင်၊ ပြောဆိုပြုကျင့်မှုက ငယ်သားနောက်လိုက်၊ စိတ်ဝမ်းသာတော့ မျက်နှာကို ပြုံးလို့၊ စိတ်ဝမ်းနာလာတော့ ဟော... မဲ့သွားရပြန်ပြီ၊

www.dhammaransi.com



စိတ်ကြည်လင်တော့ အသံလေး ချိုချိုသာသာ ငွေဆည်းလည်း ရွှေဆည်းလည်းပမာ၊ ဟော... စိတ်ဖောက်လာတော့ ငေါက်ခနဲထ ဆဲကြရဆိုကြရပြန်ပြီ။ ဒီလောက်ဆို မနောဟာ ဒုစရိုက်တို့ရဲ့လွှတ်ရုံး၊ တစ်ဘက်ကျတော့ နိဗ္ဗာန်မုခ်ဦးကြီးလို မှတ်ခဲ့။

တစ်ဘက်အကြောင်း ကောင်းကောင်းမသိလျှင် မသိသလောက် မနောစွန်း စေတနာကြီးနေတတ်ပြီး၊ စေတနာကြီးသလောက် မာနမီးထတောက်နေတတ်တယ်။ တစ်မတ်သားလောက်မသိ၊ တစ်မတ်သား ပြစ်မှား၊ တစ်မတ်သား ကြွေးတင်ရော၊ ငါးမူးသား မသိတော့ ငါးမူးသားပြစ်မှား၊ ငါးမူးသား ကြွေးတင်ရော။ တစ်ကျပ်သားမသိ တစ်ကျပ်သားအပြစ်ရှာ တစ်ကျပ်သား ကြွေးတင်လာရော၊ ကြွေးယူပြစ်မှားတော့စိတ်၊ ခံစရာရှိတော့ စိတ်ရော စိတ်နားရာကိုယ်ပါ ခံရမယ်။ ကြွေးမှန်သမျှ အရင်းမက အတိုးအညွန့်က ကွန့်တတ်သေး။ အတိုးအညွန့်ပါတဲ့ ကြွေးမျိုး တင်မိခဲ့လျှင် အတိုးက အိပ်ပျော်နေတယ်လို့ မရှိ၊ နားနေတယ်ရယ်လို့လည်း မရှိ၊ လူလူချင်းလို လျော်ပစ်လို့လည်း မရတတ်ဘူး။

www.dhammaransi.com



ရှင်မဟာမောဂ္ဂလာန် ခိုးသားငါးရာတို့က ကာဠိကျောက်ဖျာပေါ်မှာ စိစိညက်ညက် ဝိုင်းထုကြ၊ သတ်ကြတာ သူ ပြစ်မှားမိခဲ့ဖူးတဲ့ မိခင်က လိုက်တောင်းတာ မဟုတ်ဘူး။ မိခင်က ကြွေးယူစဉ်တုန်းကပင် လျှော်ပစ်ပြီးသားပဲ။ သူ့စေတနာမှာ ကပ်ပါနေတဲ့ အနုသယလက်ငုတ်များကသာ အရင်းရော အတိုးပါ လိုက်လံတောင်းတာ မဟုတ်လား။

တစ်ဘက်အကြောင်း ကောင်းကောင်းတော့ သိတယ်။ သူ့ဝါဒ မကြိုက်လို့ရှိရင်လည်း သိသိကြီးနဲ့ ပြစ်မှားတတ်ပြန်တယ်။ တစ်ဖက်သတ် လိုက်ပြိုင်လားပြိုင်ရဲ့၊ တစ်ဖက်သတ် မုန်းလားမုန်းရဲ့နဲ့။

မမြင်လိုက်နဲ့ စိတ်က လျှပ်တစ်ပြက် ထွက်စော်ကားပြီးနေပြီ။

မကြားလိုက်နဲ့ စိတ်က ဒိုင်းခနဲ ပြေးဆောင့်ပြီးနေပြီ။

စိတ်ကြောင့်ဖြစ်တဲ့ ဒဏ်ရာဟာ ကိုယ်ချင်းတိုက်လို့ရတဲ့ ဒဏ်ချက်မျိုးလို အနာကြီးတွေ၊ အရှိုးကြီးတွေ ဖိုးဖိုးပေါ်စေတယ်ဆို ဘယ်သူ့ကြည့်ကြည့် လူရုပ်တောင် ပေါ်တော့မယ် မဟုတ်ဘူး။ ဒဏ်ချက်

www.dhammaransi.com



တွေများလွန်လွန်းကြလို့။ သို့ပေမယ့် စိတ်ဒဏ်ချက်က ရုပ်ဒဏ်ချက်မျိုးလို ခံရသူ ထိတာမျိုးမဟုတ်ဘူး၊ လုပ်သူကို နောက်ပြန်ထိတာမျိုး၊ ရုပ်ဒဏ်ချက်မျိုးကို ထိရာလောက်ရှုတာမျိုးလည်း မဟုတ်ဘူး။ ကိုယ်ရော စိတ်ပါ အားလုံးခံရတာမျိုး။ ရုပ်ဒဏ်ချက်လို ခဏပိုင်း ရက်ပိုင်းလပိုင်းနဲ့ ပျောက်ကင်းသွားတာမျိုးလည်း မဟုတ်ပြန်ဘူး။ တစ်ဘဝကနေ တစ်သံသရာ၊ နိဗ္ဗာန် မဝင်မချင်းအထိ... ။

ဃောသက တိဿရဲ့ ရာဇဝင် ပြန်ကြည့်။

တစ်ဘဝက ကျောင်းထိုင်ဘုန်းကြီး၊ သူ့ကျောင်း လာတည်းတာက ရဟန္တာ၊

ရွာကျောင်းဒကာက ဆွမ်းပင့်ကပ်တာ၊ သည်ညဉ့်ရဟန်းကောင်းတာတွေ စားမိပြီး မပြန်ဘဲများ နေမှဖြင့် စိတ်ကပြစ်မှား၊ အားမရတော့ စိတ်က ကိုယ်နှုတ်လှုံ့ဆော်ပြီး ရဟန္တာပြစ်မှားပွဲကြီး ကျင်းပလိုက်တာ၊ ဘယ်မလဲ ခမျာ တို့ဘုရားလက်ထက် ရဟန္တာ ဖြစ်တဲ့အထိ ပရိနိဗ္ဗာန်စံခါနီး ဆဲဆဲအထိ ဒုဗ္ဘိက္ခန္တရကပ်ဆိုတဲ့ အငတ်ဘေးကြီး ဆိုက်သွားရှာပါလေရော။

www.dhammaransi.com



အကယ်တိတိသည်လိုသာ သားတို့သမီးတို့ သဘောပေါက်ခဲ့လျှင် ကိုယ့်စိတ်ကိုယ် ဘယ်သူမှ ပေါက်လွှတ်ပဲစား ပြစ်မှားရဲကြမှာ မဟုတ်ဘူး။ ဘယ်သူမှ သူတစ်ပါး စားကျက်ထွက်စားစေမှာ မဟုတ်ဘူး၊ ပုထုဇဉ်တို့ရဲ့မကြောက်တာမှန်သရွေ့ မသိလို့ချည်းပဲ။

**၉၇၊ ဩဂုတ်လထုတ်၊ မဂ္ဂင်္ဂပဗ္ဗေါ ဓမ္မသိကထာ စာ ၄၀–၄၁–၄၂**

ဒါ့ကြောင့် ကာယကံ၊ ဝစီကံ၊ မနောကံများတွင် မနောကံသာလျှင် အဓိကဖြစ်ကြောင်း ကောင်းကောင်းကြီး နားလည်ခွင့်ရခဲ့ပါချေပြီ။

၂၂–၇–၉၉

***အညွှန်း*** – ၉၇၊ ဩဂုတ်လထုတ်၊ မဂ္ဂင်္ဂပဗ္ဗေါ ဓမ္မသိကထာ

*******

www.dhammaransi.com



ဘုရားဂုဏ်တော်ကိုးပါး၊
တရားဂုဏ်တော် ခြောက်ပါး၊
သံဃာ့ဂုဏ်တော်ကိုးပါး ဘာ့ကြောင့်ထား

ဘုရားတရားသံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်တော်တွေကို ပွားများကြည်ညိုတယ်ဆိုတာ သာသနာတော်နဲ့ ကြုံနေပါလျက် ဖာသိဖာသာ ဖြစ်နေတတ်တဲ့ ကျွန်တော်တို့ရဲ့ ကံသုံးပါးအမူအရာတွေကို သဒ္ဓါတိုးပြီး၊ ကြိုးစားလာအောင် လှုံ့ဆော်နေသလိုလည်း ရှိပါတယ်။ ဒီမျှမက ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်စွမ်းသတ္တိဟာ ကြောက်ရွံ့ထိတ်လန့်နေစဉ် အခါများမှာလည်း သဒ္ဓါထက်ပြီး ရဲတင်းချက် ပေါ်လာစေတတ်ပါတယ်။ အများသိပြီး ဖြစ်တဲ့အတိုင်း ရတနာ

www.dhammaransi.com



မြတ်သုံးပါးရဲ့ ဂုဏ်တော်တွေဆိုတာ ဘုရားဂုဏ်တော် ကိုးပါး၊ တရားဂုဏ်တော် ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါးတို့ ဖြစ်ပါတယ်။ ဒီဂုဏ်တော်တွေ ဘာ့ကြောင့်ဘယ်လို ဖြစ်ပေါ်လာပါသလဲ။

၁။ **ဘုရားဂုဏ်၌ ကိုးပါးထားရခြင်းမှာ** ဘုရားရှင်သည် ဂြိုလ်ကိုးလုံးတို့တွင် အမြတ်ဆုံး၊ အကြီးဆုံး၊ အညွန့်ဆုံး ဖြစ်သော နဝင်း(ကိတ်ဂြိုလ်)နှင့် ယှဉ်၍

(က) ဒီပင်္ကရာဘုရားရှင်၏ ရှေးနိယတဗျာဒိပ်တော် ခံယူခြင်း၊

( ခ ) မယ်တော်၏ ဝမ်းကြာတိုက်မှ ဆင်းသက် မွေးဖွားတော်မူလာခြင်း၊

( ဂ ) ဗောဓိပင်နှင့် ရွှေပလ္လင်တော်ထက်ဝယ် သစ္စာလေးဆင့်ပွင့်လာတော်မူခဲ့ခြင်း၊

(ဃ) မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဟူသော ကိုးပါးပိုင်ရှင်ဖြစ်ခြင်း၊

အထက်ပါ လေးချက်ကြောင့် ဂုဏ်တော်မျိုးဘယ်လောက်ပင်များများ၊ ဤအတွင်း သွင်းထား၍ ကိုးပါးသာ ထားခြင်းဖြစ်ပါသည်။

www.dhammaransi.com



၂။တစ်ဖန် **တရားဂုဏ်ခြောက်ပါးထားရခြင်းမှာ**

(က) မိမိ၏ အတွင်းမျက်စိ စသော အကြည်ဓာတ် ခြောက်ပါး၊

(ခ) တစ်ဘက်၏ အတိုက်ဓာတ် အဆင်းစသော အာရုံခြောက်ပါး၊

(ဂ) ထိုနှစ်ခုတို့အကြားမှ ပေါက်ဖွားလာသည့် မြင်သိစသော ဝိညာဉ်ခြောက်ပါး၊

အထက်ပါ အတိုက်အခံတို့၏ ဖောက်ပြန်မှုကြားရှုစားရာမှ ပေါ်ထွန်းလာသော အမှန်တရားဖြစ်ခြင်းကြောင့်လည်းကောင်း၊ ဘုရားရှင်၏ ဘုန်းတော်ခြောက်ပါး ကျက်စားရာ (တောက်ပွားရာ) အစဖြစ်ခြင်းကြောင့်လည်းကောင်း၊ တရားဂုဏ်ဟိတ်တို့ ဘယ်လောက်ပင်များများ ဤခြောက်ပါးမှာသာသွင်း၍ တရားဂုဏ်ခြောက်ပါး ပြထားခြင်း ဖြစ်ပါသည်။

၃။ တစ်ဖန် **သံဃာ့ဂုဏ်စွမ်းသတ္တိ ကိုးပါးရှိနေခြင်းမှာ**

www.dhammaransi.com



(က) သံဃာဟူသည် နဝင်းဂုဏ်ရှင် ရှင်တော်မြတ်ဘုရား၏ သားတပည့်ဖြစ်ခြင်းကြောင့် လည်းကောင်း၊

(ခ) ၎င်းတို့ကိုယ်တိုင် လောကုတ္တရာ တရားကိုးပါးကိုင် ဖြစ်နေခြင်းကြောင့်လည်းကောင်း၊သံဃာ့ဂုဏ်ထူးဘယ်လောက်ပင်များများ ထိုသည့်အကြား ဌာပနာထား၍ ကိုးပါးသာ ပြထားပါသည်။

ထိုဘုရား၊ တရား၊ သံဃာ့ဂုဏ်များကို ပေါင်းလိုက်သော် ၂၄–ပါး(နှစ်ဆယ့်လေးပါး) ရှိနေပါသည်။ ဤနှစ်ဆယ့်လေးပါးသည် ပဋ္ဌာန်းဒေသနာစဉ်အရ ထိုရတနာသုံးပါးတို့၏ဂုဏ်ကျေးဇူးများကို ထိုရတနာသုံးပါးတို့နှင့် ပဋ္ဌာန်းဆက် ဆက်မိကြလေသော သူတို့သာ ခံစားခွင့်ရှိနေပါသည်ကို ညွှန်ပြနေပါသည်။ အခြားတို့ကား အဆက်ခြားသဖြင့် စိတ်ဝင်စားမှုပင် မပြုကြပြီ။

မဂ္ဂုဒ္ဒေသက ကထာ စာ ၉၅၊၉၆၊၉၇

4.A

www.dhammaransi.com



ဘုရားဂုဏ်တော်ကိုးပါး၊ တရားဂုဏ်တော်ခြောက်ပါး၊ သံဃာ့ဂုဏ်တော်ကိုးပါး ဘာ့ကြောင့်ထားရတယ်ဆိုတာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက အဲဒီလို ဖော်ပြရှင်းလင်းခဲ့ပါတယ်။ ရတနာသုံးပါးရဲ့ ဂုဏ်တော်ပေါင်း ၂၄ပါးနဲ့ ၂၄ပစ္စည်း ပဋ္ဌာန်းဆက် မိကြပုံကိုပါ နောက်ဆက်တွဲ သဘောပေါက်ခွင့်ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ။

၂၃-၇-၉၉

***အညွှန်း*** - ၁၃၅၇ခုနှစ်ထုတ် မဂ္ဂုဒ္ဒေသကကထာ

*******

www.dhammaransi.com



## ဗြဟ္မာ့ဝိဟာရတရားလေးပါး ဘာ့ကြောင့်ထား (ဝါ) အမြတ်ထွက်သော နေနည်းလေးမျိုး

လောကကြီးမှာ ဗြဟ္မစိုရ်တရားရှားပါးလာပြီ ဆိုတဲ့ ပတ်ဝန်းကျင်ရဲ့ ညည်းညူသံတွေ ကျယ်ကျယ်လောင်လောင် ကြားဖူးကြပါလိမ့်မယ်၊ အဓိပ္ပါယ်ကတော့ မေတ္တာ ကရုဏာတရား ခေါင်းပါးလာပြီ၊ မုဒိတာနဲ့ ဥပေက္ခာတရားလည်း ရှားပါးလာပြီဆိုတဲ့ သဘောပါပဲ။ အဲဒီ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တရားများဟာ ဗြဟ္မာကြီးတွေ လက်ကိုင်ထားလေ့ရှိလို့ ဗြဟ္မာဝိဟာရ တရားလေးပါး (ဝါ) ဗြဟ္မစိုရ်တရားလေးပါးလို့လည်း ဆိုရပါတယ်။ အရိယာသူတော်စင်ကြီးတွေဟာ ဒီတရားလေးပါး လက်ကိုင်ထားပြီး အမြတ်ထွက်သော နေနည်းနဲ့

www.dhammaransi.com



နေလေ့ ရှိပါတယ်။ ဆရာတော်ဘုရားကြီးက ဘယ်လို ဥပမာပြထားသလဲဆိုရင်

(က) တစ်ဦးသည် ငွေကိုရအောင်စု၍ စုမိသမျှ အတိုးချထား၏၊

(ခ) တစ်ဦးကား ငွေကို အတိုးဖြင့် ချေးငှား၍ ဖဲကစား၊ ဘိန်းစား၊ အရက်သောက်စားပစ်၏၊

ထိုနှစ်ဦးတို့တွင် (က)အမှတ်ပြသည်သာ အမြတ်ရသွားမည်။ မြတ်ပြီးရင် မြတ်နေမည်။ (ခ) အမှတ်ပြကား အရှုံးပေါ်အရှုံးဆင့်၍ ရှုံးပြီးရင်းရှုံးရင်း သာတည်း။

ဗြဟ္မစိုရ်တရားလေးလေးပါး လက်ကိုင်ထားသူဟာလည်း ဘဝမှာ အရှုံးမရှိ၊ အမြတ်ချည်းထွက်လို့သာ နေပါတယ်။ ဒီတရားလေးပါးဟာ ဘာ့ကြောင့် ဘယ်ပုံအမြတ်ထွက်စေပါသလဲ။

(က) **မေတ္တာဖြင့်နေခြင်း**

✳ မိမိသည် ဘေးရန်မတွေ့ချင်ပါ။

မိမိ၌ ဘေးရန်ကင်းချင်သလို တစ်လောကလုံးကိုလည်း ဘေးရန်ကင်းစေချင်သော တစ်ကိုယ်ချင်းစာနာထောက်ထား၊ ကိုယ်ချင်းစာတရားဖြင့် အမျှ မေတ္တာပွားများပို့သနေခြင်းမျိုးသည်လည်းကောင်း၊

www.dhammaransi.com



✷ မိမိသည် သောက မဖြစ်ချင်ပါ။

မိမိ၌ သောကကင်းချင်သလို တစ်လောကလုံးကိုလည်း မိမိနှင့်ထပ်တူထပ်မျှ သောကကင်းစေချင သော စိတ်ထားဖြင့် အမျှမေတ္တာပွားများပို့သနေခြင်း မျိုးသည်လည်းကောင်း၊

✷ မိမိသည် စိတ်မဆင်းရဲလိုပါ။

မိမိ၌ စိတ်ဆင်းရဲခြင်း ကင်းချင်သလို တစ်လောကလုံးကိုလည်း မိမိနှင့် ထပ်တူထပ်မျှ စိတ်မဆင်းရဲစေချင်သော စိတ်ထားဖြင့် အမျှမေတ္တာပွားများ ပို့သနေခြင်းမျိုးသည်လည်းကောင်း၊

✷ မိမိသည် ကိုယ့်ကိုယ်ကို ချမ်းချမ်းသာသာ ထားလိုပါသည်။

မိမိ၌ ချမ်းသာမှုအဝဝ ပြည့်ဝနေစေချင်သလို တစ်လောကလုံးကိုလည်း မိမိကဲ့သို့ပင် ချမ်းသာမှု အဝဝ ပြည့်ဝစေချင်သော စိတ်ထားဖြင့် အမျှမေတ္တာ ပွားများပို့သနေခြင်းသည်လည်းကောင်း၊

အထက်ပါ လေးမျိုးတို့သည် မိမိရန်ကင်း ဒုက္ခကင်းနေစဉ် ထိုစိတ်ဖြင့် တစ်လောကလုံးသို့ ဖြန့်ဝေပို့လွှတ်နည်းများအဖြစ် ပို့သနေခြင်းများဖြစ်၍ အမျှမေတ္တာပို့နည်းဆိုရင် **အဝေရာဟောန္တုမှ သုခီ အတ္တာနံ** အထိ။

www.dhammaransi.com



## (ခ) ကရုဏာဖြင့် နေခြင်း

တစ်ဖန် မိမိကား ကိုယ်၏အညှဉ်းပန်းခံနေရသော ဒုက္ခမျိုးမရှိ၊ အခြားတို့မှာမူကား အချုပ်နှောင်ခံနေရခြင်း၊ အရိုက်နှက်ခံနေရခြင်း၊ အစာရေစာ ပြတ်တောက်နေခြင်း စသည့် ကာယိက ဒုက္ခများ အလူးအလိမ့်ခံစားနေကြရရှာသည်ကို မျက်မြင်နားကြားအားဖြင့်လည်းကောင်း၊အတွေးအားဖြင့်လည်းကောင်း သိနေဆဲရှိရာ ၎င်းတို့ကို သနားစိတ်ဖြင့် မျှော်၍ ထိုသူအားလုံးဒုက္ခမှ လွတ်မြောက်ကြပါစေဟူ၍ ပွားပို့နေခြင်းမျိုးသည် ကရုဏာ မေတ္တာပို့ဆိုရင် **ဒုက္ခာမုစ္စန္တု**။

## (ဂ) မုဒိတာဖြစ်နေခြင်း

တစ်ဖန်လည်း မိမိ၌ကားရပြီး ဘဝနှင့်စည်းစိမ်များ မြဲရန်မသေချာသေး။ သို့မဟုတ် ထိုအဆင့်မီဘဝစည်းစိမ်မျိုးကို လက်ဝယ်မရောက်သေး။ အခြားတို့မှာမူကား အဆင့်အတန်းမီသော ထိုဘဝ ထိုစည်းစိမ်မျိုး ကိုယ်စီကိုယ်င ခံစားနေကြပြီဖြစ်၏။ ထိုအခါ ထိုသူအားလုံးတို့ကို မှန်းမျှော်၍ အကြင်... အကြင် လက်ဝယ်ပိုင်ပိုင် ဆုပ်ကိုင်ထားမိပြီးသော ဘဝသုခ၊ ဘောဂသုခ တို့အောက် ထိုသူများ မယုတ်လျော့ကြပါစေနှင့်ဟူ၍ ဝမ်းမြောက်စိတ်ဖြင့် ပွားပို့နေခြင်းမျိုး

www.dhammaransi.com



သည် မုဒိတာ မေတ္တာပို့ဆိုရင် **သမ္ပတ္တိတော မာဝိဂစ္ဆန္တု**။

(ဃ) **ဥပေက္ခာဖြင့်နေခြင်း**

နောက်ထပ်တစ်ဖန် မိမိလက်လှမ်းမမီသဖြင့် ဆိုးကြောင်းကောင်းကြောင်း မကြားမိ၊ ကြားမိပါသော်မှ မိမိဝင်မကူသာရှိနေသော တစ်လောကလုံးကြီး ဖြစ်မှုပျက်မှုများသို့ စိတ်မှန်းလှမ်းမျှော်၍ ထိုသူအားလုံးတို့သည် ကိုယ်ပြုသည့် ကံအတိုင်း စံရ၊ ခံရခြင်းမျှသာ၊ မည်သူတစ်ဦးတစ်ယောက်၏ ပယောဂကြောင့် စံရခံရသည်ကား မဟုတ်ဟူ၍ ကံသာလျှင် အမှုသည်ဖြစ်ကြောင်း ကောင်းကောင်းကြီး သဘောပေါက်နိုင်ကြပါစေဟူ၍ ပွားပို့နေခြင်းမျိုးသည် ဥပေက္ခာမေတ္တာပို့ဆိုရင် **သဗ္ဗေ သတ္တာ ကမ္မဿကာ**။

ဆိုခဲ့ပြီး မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ လေးမျိုးတို့ကို ပွား၍ နေတတ်သောသူသည်

(က) မိမိနှင့် တန်းတူများအပေါ် ပြိုင်ဆိုင်ရမှုမာန မဝင်တော့ပါ။

(ခ) မိမိအောက်များအပေါ် ဝန်တိုမှု မစ္ဆရိယလည်း မဝင်တော့ပါ။

(ဂ) မိမိအထက်တို့အပေါ် မနာလိုမှု ဣဿာလည်း မဝင်တော့ပါ။

www.dhammaransi.com



(ဃ) မသိသူတို့အပေါ်၌ စိတ်မဝင်ဆန့်မှု မောဟ
လည်း မဝင်တော့ပါ။

ထိုအယုတ်တရားဆိုး လေးမျိုးတို့ မဝင်သာတော့ခြင်းကြောင့် ချစ်ခြင်းမုန်းခြင်းမှဖြစ်သော ချစ်ကြွေး၊ မုန်းကြွေးများလည်း မတင်တော့ပါပြီ။ ထိုကြွေးများ မတင်တော့ပါလျှင် မိမိလုပ်သမျှ မိမိသာရစေတော့ရကား အမြတ်ဘဝချည်း ရစေပါမည်။ သို့ကြောင့် ထိုလေးမျိုးသော စိတ်ထားဖြင့် နေလေ့ရှိသောသူကို အမြတ်ရသမားဟူ၍ သမုတ်ကြပါသည်။ 'သူမြတ်ဘွဲ့ထူး' ဆွတ်ခူးရရှိခြင်း ဖြစ်ပါသည်။ ထိုမြတ်သော နေခြင်းမျိုးကို—

ဘုရားရှင်သည် လင်းလွန်းဗောဓိပင်အောက်ဝယ် ခုနစ်ရက်လုံးလုံး တစ်လောကလုံးသို့ ဖြန့်ဝေပို့လွှတ်ကာ နေတော်မူခဲ့ပါသည်။ ထိုမှစ၍ ၄၅ဂတိုင်အောင်ပင် ထိုစိတ်ထားတော်လေးမျိုးတို့ဖြင့်သာ နေတော်မူခဲ့ပါသည်။ ၎င်းကို အာရုံပြု၍ ဦးစွာ မိမိအတွက် ထိုမေတ္တာဆုကို တောင်းပါ။ ထို့နောက် မိမိရသကဲ့သို့ တစ်လောကလုံးလည်း ကိုယ်စီကိုယ်ငှအညီအမျှ ရကြပါစေရန် မုန်းမျှော်၍ အမျှမေတ္တာ ပို့လွှတ်ပေးပါလေ။

www.dhammaransi.com



မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက အဲဒီလို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ အလင်းပြတော်မူခဲ့ပါတယ်။ ဒါ့ကြောင့် မိမိဘဝနဲ့ ပတ်ဝန်းကျင် ကမ္ဘာလောကကြီး ကောင်းစားချမ်းသာစေချင်ရင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မာဝိဟာရတရားလေးပါး လက်ကိုင်ထားရမယ်လို့ ဆိုချင်ပါတယ်။ ဒါသည်ပင်လျှင် အမြတ်ထွက်သော ဘဝနေနည်း စစ်စစ်ဖြင့်ကြောင်းပါဗျာ။ ။

၂၃-၇-၉၉

**အညွှန်း** – ၁၃၅၇ခုနှစ်ထုတ် မဂ္ဂုဒ္ဒေသက ကထာ စာ ၁၂၆ မှ ၁၂၉ အထိ

*******

www.dhammaransi.com



## ရွှေ ငွေ မြ ပတ္တမြား
## ဘာ့ကြောင့်ဆောင်ထားကြပါလိမ့်

ကိုယ်မြတ်နိုးရာ ရတနာ...

လောကီနယ်ပယ်မှာတော့ ကိုယ်မြတ်နိုးရာ ရတနာ လုပ်နေကြတာပါပဲ။

ရွှေငွေစိန်ကျောက်တွေ မက်လောက်စရာ လိုချင်စရာ မြတ်နိုးစရာ ဖြစ်လေတော့ ဒါတွေသာလျှင် လောကီရတနာလို့ ဆိုကြတာပ၊ ရွှေငွေစိန်ကျောက်တွေ ဖယ်တောက်ပြီး မကစားနိုင်တဲ့ ဆင်းရဲသားမိသားစုအကြား သားကလေး၊ သမီးကလေးတွေ မွေးလာပြန်တော့ မြတ်နိုးစရာပေပဲမို့ သားရတနာ သမီးရတနာလို့ ဆိုကြရပြန်တာပ။ ဒါ့ကြောင့် ရတနာ ဆို

www.dhammaransi.com



တာ မြတ်နိုးရာကို ခေါ်တာပါလေ။ ရွှေငွေစိန်ကျောက်တွေဆိုတာ လူတို့အတွက်သာရတနာ၊ နွားတို့အတွက်ကား ရတနာမမည်ထိုက်တော့ပြီ။ ရွှေငွေစိန်ကျောက်တွေ နွားကို သွားကျွေး၊ လှည့်တောင်ကြည့်မည် မဟုတ်ပြီ။ နွားတို့အတွက်ကား မြက်သာလျှင်ရတနာ၊ မြက်သာလျှင် မြတ်နိုးရာ တန်ဖိုးအမှန်... ။

ဒါ့ကြောင့် လောကီရတနာဆိုတာ ပညက်နယ်အတွင်းက တန်ဖိုးစံနှုန်း သတ်မှတ်ချက်မျှသာ။ ဒီနေ့လူတွေ ရွှေငွေမြပတ္တမြား စတဲ့ရတနာ ကြွယ်ဝမှုချင်းပြိုင်နေကြတယ်။ တကယ်က ဒီရွှေငွေရတနာတွေရဲ့ ငွေတန်ဖိုးနှုန်းထား ကြီးမြင့်မှုဟာ မူလပဓာနတန်ဖိုး မဟုတ်ပါ။ ရွှေငွေရတနာတို့ရဲ့ မူလဂုဏ်သတ္တိဟာ ဂုဏ်ပြိုင်စရာ ကြွားဝါစရာ အဆင့်အတန်း သတ်မှတ်ဖော်ပြရာအတွက် မဟုတ်ခဲ့ပါ။ ဒီလောကီရတနာတွေကို လူတွေ ဘာ့ကြောင့် ဝတ်ဆင်သုံးဆောင် ခဲ့ကြပါသလဲ။ မူလရည်ရွယ်ချက်ဟာ ဝါကြွားဂုဏ်ပြိုင်ဖို့ မဟုတ်ကြောင်း ကျေးဇူးရှင်ဆရာတော်ဘုရားကြီးရဲ့ ဖော်ထုတ်ရှင်းပြချက်များနဲ့ ညှိနှိုင်းတိုက်ဆိုင်သုံးသပ် ကြည့်ကြပါကုန်။

www.dhammaransi.com



**"ရွှေတို့ ကြေးတို့ဆိုတာ** အလွန်အေးတဲ့ မြေဆီက ဖြစ်လာတာ၊ ဒါ့ကြောင့် သူတို့ဓာတ်သတ္တိက အလွန်အေးတယ်၊ ဒါ့ကြောင့် ရွှေတို့ ကြေးတို့ ဆောင်ထားရင် ပူတဲ့စိတ်ကလေး အေးပြီး နွေးတဲ့ကိုယ်လည်း အေးမြစေတတ်တဲ့အတွက် ဆောင်ထားရတာ။ **ငွေဆိုတာကတော့** ကိုယ်မှာဖြစ်တဲ့ အဆိပ်အတောက်တွေ ခွာချပစ်နိုင်စွမ်းရှိတယ်၊ ကလေးတွေကို ငွေခြေကျင်း ငွေချိုကလေးတွေ ဆွဲပေးထားရတာ အဆိပ်အတောက်ရှိတဲ့ မြွေ၊ ကင်း စတဲ့ အကောင်တွေ ရှောင်သွားအောင်လို့၊ **မြ** ကတော့ ဂုဏ်းပွားတက်အောင်လို့၊ ကျောက်စိမ်းနဲ့မြ သဘောအတူတူပဲ။ **ပတ္တမြား** ကျတော့ စိတ်ရဲရင့်ခြင်းကို ဖြစ်စေတယ်။ရှေးကရှင်ဘုရင်တွေ ပတ္တမြားဆောင်လေ့ရှိတာ ရဲရင့်စိတ်ကြီးမားအောင်လို့၊ **ပုလဲ** ကတော့ ကျက်သရေကို ဖြစ်စေတတ်လို့ ဆောင်ထားလေ့ရှိကြတယ်။

"ရတနာလို့ခေါ်တဲ့ တွင်းထွက်ကျောက်မျက်တွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ဓာတ်သတ္တိနဲ့ လူတွေကို အကျိုးပြုတဲ့အတွက် အသုံးတည့်တယ်၊ အသုံးတည့်တော့ မြတ်နိုးကြတယ်၊ မြတ်နိုးကြလို့ ရတနာလို့ဆိုရတာပဲ။ ဒါပေမယ့် လောကီရတနာတွေဆိုတာ

www.dhammaransi.com



ပညတ်နယ်ပယ်ထဲက သတ်မှတ်ချက်တွေပဲ၊ ရှင်ဘုရင်အတွက် ပြည်တန်ပတ္တမြားကြီး ဖြစ်ပေမယ့် မျောက်သွားကျွေးတော့ စားပါ့မလား၊ ယူပါ့မလား၊ မျောက်အတွက်တော့ ငှက်ပျောသီးတစ်လုံးသာ ရတနာပေါ့။ အသုံးတည့်ရာ မြတ်နိုးရာကိုပဲ ရတနာလို့ ဆိုနေကြတာ မဟုတ်လား"။

"တို့ဘုရားတရား သံဃာ ရတနာမြတ်သုံးပါးကတော့ လူနတ်ဗြဟ္မာ ငရဲတိရစ္ဆာန်ပြိတ္တာ သုံးဆယ့်တစ်ဘုံလုံးအတွက် အားကိုးရာ မြတ်နိုးရာဖြစ်လို့ ရတနာမြတ်သုံးပါးသာ ရတနာအစစ် ဖြစ်တယ်"။

သရဏဂုံသုံးပါးရဲ့ တန်ဖိုးကို ဖော်ထုတ်ရင်း ရွှေငွေပတ္တမြားစတဲ့ လောကီရတနာတွေရဲ့ မူလအသုံးကို ဆရာတော်ဘုရားကြီးက သာသာလေး ပြောသွားလိုက်တာ၊ ကျွန်တော်တို့အတွက်တော့ ကြောင်းကျိုးခိုင်လုံတဲ့သုတအဖြစ် မှတ်သားခဲ့ရပြန်ပါပကော။

၂၃-၇-၉၉

**အညွှန်း** – ၁၉၉၇နတ်တလူတောရတရားပွဲမှ၊
၉၆ မတ်လထုတ် အနုပ္ပဗ္ဗိတ ကထာ
စာမျက်နှာ ၁၂၇

*******

www.dhammaransi.com



## ကာမဂုဏ်ခံစား ရှုံးအားဘာ့ကြောင့်ကြီးခဲ့ရ

၁၉၉၆ ခုနှစ်...

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး သံလွင်အရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်မှာ သီတင်းသုံးနေစဉ် ကျွန်တော်တို့ အရောက်သွား ဖူးမြော်ခဲ့စဉ်က ဖြစ်ပါတယ်။ ဆရာတော်ဘုရားကြီးက အကျင့်မြတ် သီလသိက္ခာနှင့်ဆက်စပ်ပြီး'အ ဗြဟ္မာ စရိယာ'(မမြတ်သောအကျင့်–မေထုန်မှီဝဲသောအကျင့်) နဲ့ ပတ်သက်ပြီး...

"ဘာဖြစ်လို့ မမြတ်တာလဲ၊ ဘာ့ကြောင့်မမြတ်တာလဲ" လို့ အမေးရှိခဲ့ဖူးတယ်။

ကျွန်တော်တို့ နှုတ်ဆိတ်နေစဉ်မှာပဲ ဆရာတော် ဘုရားကြီးက...

"မမြတ်တာ ရှုံးလို့ပေါ့ဗျ၊ ရှုံးတာ ဘာ့ကြောင့်

www.dhammaransi.com



ရှုံးတာလဲ” လို့ အဖြေနဲ့ တစ်ဆက်တည်း အမေးရှိ တော်မူပြန်ပါတယ်။ ကျွန်တော်တို့နှုတ်ဆွံ့အနေလျက် က ဆရာတော်ဘုရားရဲ့အဖြေကို ငံ့လင့်နေလျက် ရှိခဲ့ ပါတယ်။ ဆရာတော်ဘုရားကြီး ထံတော်မှ ရေတံခွန် စီးကျသကဲ့သို့သော အဖြေမှာကား...

“သားမယား လုပ်ကျွေးနေတယ်ဆိုတာတွေ လင့်ဝတ်မယားဝတ် ဆိုတာတွေ လူကြားကောင်း အောင် ပြောနေတာ၊ အရင်းခံက ကြိုက်စိတ်တဏှာ ကြိုက်စွဲတဏှာ ပူဆာတဲ့အတိုင်း ကာမဂုဏ်ခံစားချင် လို့၊ ဟုတ်မဟုတ် ကိုယ့်ဟာကိုယ် ပြန်ကြည့်ပြန်မေး၊ တစ်သက်လုံး ကျွေးမွေးသုတ်သင် ပညာသင်ပေးတဲ့ လိုက်တဲ့ မိဘကျတော့ ကျေးဇူးကြီးပါတယ်ပြောပြီး အနန္တဂိုဏ်းဝင်ဆိုပြီး လုပ်ကျွေးကြလို့လား၊ ပြုစုကြ လို့လား၊ လင်မယားချင်း ကျတော့ ပြုစုလိုက်ကြတာ၊ တယ်ပြီး ဝတ္တရားကျေချင်ကြတာပဲ၊ မိဘလုပ်ကျွေး မိဘကျေးဇူးဆပ်တာ မြတ်တယ်ဆိုတာ နားလည်ရက် နဲ့ လင်လုပ်ကျွေးမယားလုပ်ကျွေးနဲ့ အမြတ်မှအရှုံးသို့ ကူးသွားတာ ဘာ့ကြောင့်လဲ၊ အဲဒါကြောင့်ပဲ အဲဒီ အချိန်ကစပြီး အဲဒီ ကာမဂုဏ် မေထုန်အကျင့်တွေက စပြီး တို့လူသားတွေ အမြတ်မှ အယုတ်သို့ လျောကျ

www.dhammaransi.com



လာခဲ့တယ်” လို့အစချီပြီး ကာမဂုဏ်ခံစား ရှုံးအား ဘဝကြောင့် ကြီးခဲ့ရတယ်ဆိုတာ ဟောပြသွန်သင်ပါတော့တယ်။ မင်္ဂလာခေရဏကထာ ကျမ်းစာမှာလည်း ဒီသဘော စောကြောဖော်ပြခဲ့ပါတယ်။

အရွယ်ရောက်စ လင်စိတ် မယားစိတ်တွေ မပေါက်ကြခင်က သားတို့သမီးတို့ စိတ်ကြည်လင်လန်းဆန်းနေကြတယ်။ စိတ်ထားတွေလည်း တစ်ကိုယ်ကောင်းမဆန် မြင့်မားနေတတ်ကြလေတယ်။ ဟော… အားလုံးထဲမှာ သူ့ကိုမှ သူ့ကို ဖြစ်လာပြီ။ သည်အချိန်ကစပြီး အလိုမကျမှု အားမရမှုတွေကနေ စိုးရိမ်ပူပန်မှု၊ စိတ်မချမှု၊ ငါပိုင်သိမ်းပိုက်လိုမှုတွေ ဆင့်ကဲဆင့်ကဲ တက်လာလိုက်ကြတာ ကြည်စိတ်ပျောက်လို့ နောက်စိတ်တွေ ဖောက်လာခဲ့ကြပြီ။ လန်းစိတ်ပျောက်လို့ နွမ်းစိတ်ရောက်လာခဲ့ရပြီ။ အချိန်ရှိသရွေ့ တစ်ယောက်တည်းအတွက် ကြံကြမယ်၊ သူ့စိတ်မှ သူ့စိတ် တစ်ခုတည်း ဖြစ်လာကြမယ်။ သည်အချိန် ကိုယ့်အသက်ပင် မငဲ့လိုပြီ။ ဒါ ယုတ်စပျိုးလိုက်တာပဲ မဟုတ်လား။ ကိုယ့်ကိုယ်ကိုတောင် သူ့လောက် မချစ်တော့ဘူးဆိုကတည်းက သူ့အောက်ရောက်သွားပြီဖြစ်လို့ အောက်ကြို့ခံတဲ့ အောက်တန်း

www.dhammaransi.com



စားဘ၀ လှလှကြီး ရောက်ခဲ့ရပြီ မဟုတ်လား။ လို သလို ရလာပြီဆိုပါတော့။

* လိုစိတ်သည် ပိုစိတ်ကို ဦးခေါင်းနင်းလျက်က ရှေ့သို့ချည်း ရှန်းနေတတ်တယ်။

* လိုစိတ်သည် အားမရမှုကို အပါခေါ်လျက်က ရှေ့သို့ချည်း အတင်းရှန်းနေတတ်တယ်။

လိုသလိုရလို့ လိုဘပြည့်တယ် မထင်ကြလေနဲ့။ လိုလားတော့ နှစ်သက်၊ နှစ်သက်တော့ မြတ်နိုး၊ မြတ်နိုးတော့ တွယ်ကြတာကြပြီ၊ သည်လို ကိုယ် အမြတ်နိုးဆုံး ပြုံးပြုံးကြီး ကြည့်နေရတဲ့အချိန် ဘာ ကိုမှ နောက်ထပ်မသိ၊ **မြတ်သော ဘုရားအာရုံ၊ တရားအာရုံ၊ သံဃာ့အာရုံတို့ကား အနားမှသီခွင့် မရပြီ** ရှိသမျှအား မယားမှတစ်ပါး၊ တခြားမသုံးလို ပြီ။ ရှိသမျှစည်းစိမ် မယားအိမ်ကလွဲလို့ တခြားအိမ် မပို့လိုပြီ။

သို့နှင့် အပေါင်းကြာလို့ အပိုကြေးပြ ကိုယ်ဝန် ရလာကြပြီ ဆိုကတည်းက သားဟယ် သမီးဟယ် ထွက်မလာခင်က ကြိုတင်ချစ်ခြင်းဖြင့် ချစ်နေကြပြီ။ မိဘအိမ်နေလျှင် ရရှိငွေ မိဘလက်ထဲ မအပ်လိုပြီ။ ရပစ္စည်း မိဘကိုချည်း ပုံမပေးလို၊ ယောက္ခမဆိုလျှင်

www.dhammaransi.com



တော့ ထို့ထက်ဆိုးပြီ။ သမီးဘက်ကလည်း ပြုသမျှ ဝေယျာဝစ္စ လင်တစ်ဦးတည်းသာ ဖြစ်စေလိုတယ်။ လင့်အဝတ်ကိုသာ လျှော်လိုပြီး လင်စားဖို့ကိုသာ ချက်ပြုတ်လိုပြီး မိသော၊ ဖသော၊ အစ်ကိုသော၊ မောင်သော မရောလိုပြီ။

လင်နဲ့မယား အလိုကျလာကြသလောက် မိဘနဲ့ နေရမှာကို အလိုမကျချင်မိ၊ မိဘပေးကျွေးရမှာကိုလည်း အလိုမကျချင်မိ **စိတ်ထားတွေ ဘယ်လောက်ယုတ်လာကြသလဲ**။ သို့နှင့် အိမ်ခွဲဖို့ ကြိုးစား၊ တို့နှစ်ဦးသား လွတ်လပ်ပျော်ရွှင်စွာနေကြဖို့လို့ စဉ်းစားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အိမ်ခွဲစို့။ အိမ်ခွဲစို့ရဲ့နဲ့ပဲ **မိဘသပိတ်မှောက်ခဲ့ကြတာ မဟုတ်လား**။

မကြာပါချေ။ လောကကြီးမှာ နှစ်ယောက်ထဲထင်နေရာမှ သားတစ်ယောက်ထွက်လာပြီး ဟော... နောက်တစ်ယောက်... နောက်တစ်ယောက်နဲ့ လမ်းပေါက်လာလျှင် သာသလောက်ဩ့သည် (သားသမီးတွေ) တသီကြီး ရောက်လာကြလေရဲ့။ လူပျိုဘဝ အပျိုဘဝတုန်းက ပျော်ရွှင်ချမ်းမြေ့ စိတ်ကလေးတွေနဲ့ ကျောပြင်မှာ ဘို့မရှိခဲ့။ လင်ဟယ်မယားဟယ် ဖြစ်

www.dhammaransi.com



လာကြတော့ ငါ့မယားစားဖို့၊ ငါလင်စားဖို့နဲ့ ဘို့တစ်လုံးပြီးတော့ ဘို့နှစ်လုံး... သည်လိုနဲ့ ဘို့တွေ ပေါက်လာလိုက်ကြတာ ဘို့တစ်လုံး နွားထက်ရန်းအားကောင်းလာခဲ့ကြတယ်။

ဒီလိုနဲ့ ရှိသမျှ ဥစ္စာ၊ ရှိသမျှ မေတ္တာ သားတွေသမီးတွေအပေါ်မှာသာ ပုံလိုက်ပြီ။ **...သည်လိုနဲ့** ကိုယ့်ကိုယ်ပင် မသဒ္ဓါ၊ ကိုယ့်ကိုယ်ကိုပင် မငဲ့ညှာဘဲ မယားအတွက် သားသမီးအတွက် လိုစိတ်များများနဲ့ လက်ကားရား၊ ခြေကားရား ကြိုးစားလာခဲ့ကြတာ စွဲသလောက်ကိုယ်သာနာပြီး နေမြင့်လေ အရှုံးရင့်လေပဲ။

ဒါတွေဟာ **မယားယူ လင်ယူမိခဲ့ကြလို့ ယုတ်လာခဲ့ကြတာတွေ** မဟုတ်လား။ သေတောင်မှ သည်စိတ်များနဲ့ သေလျှင် အိမ်ထောင်မှ အပါယ်ထောင်သို့ ပြောင်းရွှေ့စံကြရဦးမှာ။ **စိတ်ထားယုတ်လို့ ရုပ်ခါတ်ညံ့လာကြတာ**၊ လင်ယူသားမွေး အိမ်ထောင်းရေးဖက်ခဲ့ကြလို့ပဲ။ ကိုယ့်မိကိုယ့်ဖ ကိုယ့်ညီအစ်ကိုမောင်နှမတွေ ပစ်ပြီး သူတစ်ပါးသမီး ခေါ်ယူလုပ်ကျွေးနေရတာထောက်လျှင် **ဘယ်လောက်ယုတ်လို့ ဘယ်လောက်အရှုံးပေါ်နေပြီ** ဆိုတာ ခန့်မှန်းသာကြည့်ကြပေရော့။ သမီးတို့မှာ ကိုယ့်မိကိုယ့်ဖ၊

www.dhammaransi.com



ကိုယ့်မောင်၊ ကိုယ့်ဖွား အသာထားပြီး သူတစ်ပါးသား လက်ခံပေါင်းသင်းကာ လင်ညှည်းလျှင်ခံ၊ လင်မာန်လျှင်ခေါင်းငုံ့၊ လင်ပြုံးလျှင်ပြုံးတုံ့တုံ့နဲ့ ပြုသမျှ ဒဏ်ခံနေရတာ ထောက်လျှင် **ဘယ်လောက်အတိယုတ်ပြီး ဘယ်လောက်အထိ အရှုံးပေါ်နေတယ်** ဆိုတာ ရိပ်မိကြပေကရော့။

သို့ကြောင့်လည်း သည်လင်ခန်းမယားခန်း ကို **မမြတ်သောမေထုန်အကျင့်** လို့ဆိုဘာ။

ဒီမျှဆိုလျှင် ကာမဂုဏ်ခံစား ရှုံးအား ဘာ့ကြောင့်ကြီးခဲ့ရကြောင်း ပေါ်လွင်ပေပြီ။

အရှုံးကိုသိလျှင် အမြတ်ကို လှမ်းမြင်သာပြီမို့ မြတ်သော သိက္ခာစဉ် တင်နိုင်ကြပါစေသတည်း။

၂၄-၇-၉၉

***အညွှန်း*** – ဇဗ၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ၊
ဇ၄ခုနှစ်ထုတ် မင်္ဂလာမာရဏ ကထာ
စာ ၁၅၅ မှ ၁၅၉ အထိ

******

www.dhammaransi.com



## ရဟန်းသံဃာတို့ကို ဘာ့ကြောင့်ဖူးမျှော်

ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက 'လောကဝေါဟာရ' တွေကို ဓမ္မအမြင်နဲ့ သီးသန့်အဓိပ္ပါယ်ဖွင့်ပေးလေ့ ရှိခဲ့ပါတယ်။ ဥပမာ ပေါက်ကရ လေးဆယ်၊ မသိမသာ၊ ဗြုန်းစားကြီး၊ သည်းခံ... စတဲ့ နေ့စဉ်သုံး ဝေါဟာရတွေရဲ့ ဓမ္မအဓိပ္ပါယ်ကို မကျဉ်းမကျယ် လွယ်ကူစွာနားလည်နိုင်အောင် ရှင်းပြပေးထားပါတယ်။ ဝေါဟာရ ၅၃ခုကို စုစည်းပြီး ဗောဓိမြိုင်စာစဉ်က ၉၉ ဖေဖော်ဝါရီလမှာ 'မျက်နှာဖုံးများကို ခွာချခြင်း' ဆိုတဲ့အမည်နဲ့ စာတစ်အုပ် ထုတ်ခဲ့ပြီးပါပြီ။ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒခံ ရန်ကုန် သာဟိကာအသင်းကလည်း 'ဉာဏဒဿန ကထာ' လောကကို ထွင်းဖောက်ရှုမြင်နည်း

www.dhammaransi.com



ဆိုတဲ့ စာအုပ်ကို ၉၆ အောက်တိုဘာလ ထုတ်ဝေခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီစာအုပ်မှာတော့ နေ့စဉ်သုံး စကားလုံး ၃၂ခုရဲ့ ဖွင့်ဆိုချက်တွေ လေ့လာသိမှတ်ကြရမှာ ဖြစ်ပါတယ်။ တရာလိုလားသူများသာမက မြန်မာစာ အဓိကကျောင်းသူကျောင်းသားများ၊ မဟာဝိဇ္ဇာတန်းကျောင်းသူ ကျောင်းသားများ၊ မြန်မာစာသုတေသီပညာရှင်များ အားထားလေ့လာရမယ့် ရှားရှားပါးပါး စာအုပ်ကောင်းမျိုး ဖြစ်ပါတယ်။

၁၉၉၄ထုတ် မင်္ဂလာဓာရဏ ကထာမှာလည်း 'ရဟန်းသံဃာ' ဖွင့်ဆိုချက်နဲ့ ရဟန်းသံဃာတို့ကို ဘာ့ကြောင့် ဖူးမျှော်ရတယ်ဆိုတာ ဖွင့်ဆိုပေးထားပါတယ်။ ဗုဒ္ဓဘာသာ မြန်မာမှန်သမျှ ရဟန်းသံဃာတို့ကို နေ့စဉ်ဖူးမျှော်နေရပေရာ ဘာ့ကြောင့်ဖူးမျှော်ရတယ်ဆိုတာ ကောင်းကောင်းကွဲကွဲပြားပြား သိသင့်လှပါတယ်။

**ရဟန်းဆိုတာ...** ရန်ကိုအောင်လို့ ပူဇော်အထူးကို ခံယူထိုက်သူတို့ရဲ့ အမည်၊

**သံဃာဆိုတာ...** ဘုရားရှင်နဲ့အမြင်တူ အကျင့်တူသူတို့ရဲ့ အခေါ်အဝေါ်၊

www.dhammaransi.com

၎င်းတို့ ဝတ်ရုံထားသော **သင်္ကန်းတော်** တို့ဟာ ပူဇော်အထူးခံထိုက်သူဟူ၍ အများတို့သိအောင် လွှင့်ထူထားတဲ့ အလံတံခွန် သို့မဟုတ် စစ်ပွဲအောင်သဖြင့် လွှင့်ထူထားတဲ့ အောင်လံတော်၊ အဲဒီ အောင်လံနဲ့တွဲဖက်ထားတဲ့ ရုပ်ရည်ရူပကာယတော် ကြည့်လိုက်ပြန်တော့လည်း ရန်မီးငြိမ်းလို့ အေးဆေးသော မျက်နှာထား၊ ရန်သူလွတ်လို့ တည်ကြည်သောကြန္ဒြေ၊ ရန်အောင်ထားလို့ ကလက်မှုကင်းသော တက်ကြွမှု (လန်းဆန်းမှု)အသွင်၊ သည်လိုဝင့်ဝါ၍ အေးသော ကိုယ်တို့ကို ကြည့်မိရှုမိသူမှာ ဆောင်းကြားသွား ခရီးသွားတွေလိုလည်း အမေပြေစေနိုင်တယ်။ ကိုယ့်ထံရှိ အပူမှန်သမျှ ငြိမ်းပြီး ကိုယ့်ထံကိန်းအောင်းနေသော ကိလေသာ ရန်သူတွေလည်း ငြိမ်ကျသွားစေနိုင်တယ်။

မင်္ဂလာဓာရဏာ ကထာ စာ ၁၃၈

ကိလေသာငြိမ်းနေသဖြင့် **သာမဏာ** အမည်ရလေတဲ့ ထိုရဟန်းမျိုးတို့နဲ့တွေ့လျှင် **ဖူးလည်းဖူး၊ မျှော်လည်းမျှော်** ကြရဦးမကွဲ့။ ဖူးပြီးမမျှော်လျှင်လည်း သားတို့အတွက် ရေ့တက်လမ်းမရှိဘူး။ မျှော် ပြီး မဖူးလျှင်လည်း အေးငြိမ်းမှုအပြည့် မရဘူး။

www.dhammaransi.com



**ဖူးတယ်ဆိုတာ**...သူ့ဂုဏ်လိုဏ်ကြည့် စိတ်စိုက်ထည့်ထားတာ၊

**မျှော်တယ်ဆိုတာ**...'သြော်... သူ့လိုငါ ဘယ်တော့များ ဖြစ်မလဲ' လို့ တောင့်တတာ၊

အဲဒီမှာ ဆရာတော်ဘုရားကြီးက ရင်သွေးကလေးငယ်များနဲ့ ဆက်ပြီး ဥပမာ ပေးပါတယ်။ ကလေးငယ်များ အရွယ်ရောက်စ ကြည့်မဝရှုမဝ ဖြစ်ကြပြီး သူတို့လေးတွေရဲ့ အလှနဲ့ကျက်သရေကို အရိပ်တကြည့်ကြည့် ပီတိတဝေဝေ၊ မခိုင်းရက်မစေရက် မပြောရက်နဲ့ ဖူးဖူးမှုတ်ထားကြတယ် မဟုတ်လား။ **ဖူးဖူးမှုတ်တယ်ဆိုတာ**ရတနာအပေါ်မြူမတင်အောင် တင်သည့်မြူ ကွာကျသွားစေအောင်ပဲ။

ဒီပမာအတိုင်းပါပဲ။ ကိလေသာ အငွေ့အသက်ကင်းသဖြင့် အေးငြိမ်းဖြူစင်နေတဲ့ ရဟန်းအသွင်ကိုများ ဖူးခွင့်ရလျှင် တောက်နေတဲ့မီးတောင် ငြိမ်းစေနိုင်တယ်။ ကိုယ်ချင်းရန်ဖြစ် နေကြတယ်၊ ရဟန်းအသွင် မြင်မိတာနဲ့ တိတ်သွားပြီး ကိုယ်ချင်းတပ်မက် ငြိစွန်းမှုများနဲ့ တွေ့နေကြမယ်၊ ရဟန်းမိမိတို့ရှေ့သို့ လာရပ်လိုက်တာနဲ့ ပြေသွားပြီ။ ဒါက တင်သည့် မြူကွာကျစေတာပဲ။ ရဟန်းရဲ့အေးသော ငြိမ်းသော

www.dhammaransi.com



အသွင်ကိုလည်းကောင်း၊ ထိုအသွင်နဲ့ လိုက်ဖက်တဲ့ ဝင်းသောဝါသော အရောင်အသွေးကိုလည်းကောင်း၊ ကြည့်ခွင့်ရှုခွင့်ရချိန်မှာ ပူပန်စိတ်တွေ အေးမြလာတယ်။ နောက်ကျူစိတ်တွေ ကြည်လင်လာတယ်။ ဒါကကျရောက်လာမည့် မြူမှုတ်ထုတ်ပစ်လိုက်တာပဲ။ ဝင်းဝါတဲ့အရောင်ဟာ သဒ္ဓါသွေးရှိသူကိုသာ လှုံ့ဆော်ပေးတတ်တာ... ။

ဒီလိုဖူးတတ်အောင် သားတို့မှာ သဒ္ဓါနောက် ပညာပါရဦးမယ်။

ပညာပါတဲ့ သဒ္ဓါမှ ပုဂ္ဂိုလ်နဲ့သံဃာ ကွဲပြားစွာသိ၊ အကျင့်ဂုဏ်နဲ့ ပုဂ္ဂိုလ်ဂုဏ် အစုံညှိပြီး ပုဂ္ဂိုလ်စွဲလွတ်မယ့် ဖူးမြင်မှုမျိုးဖြစ်မှာ၊ သို့မဟုတ်က လူခင်သလိုခင်၊ လူမင်သလိုမင်ပြီး သံဃာအပေါ် လူပေါင်းပေါင်းမိမှားလျှင် တစ်ဖက်ရတနာ သံဃာမှာလည်း မြူတင်စေနိုင်တယ်။

မင်္ဂလာဓာရဏာ ကထာ စာ ၁၃၉-၁၄၀

ဤမျှဆိုလျှင်

ရဟန်းသံဃာတို့အား ဘာ့ကြောင့် ဘယ်လိုဖူးမျှော်ရတယ်ဆိုတာ အမြင်ရှင်း ထင်လင်းလောက်ပေပြီ။

www.dhammaransi.com



ရဟန်းသံဃာတို့အား ဖူးရုံမျှသာမက ၎င်းတို့လို ကိလေသာရန်စစ် အောင်နိုင်သူဘဝမျိုးသို့ မျှော်လည်းမျှော်ကိုးကြပါစို့။

၂၄-၇-၉၉

**အညွှန်း** - ၉၄၊ မင်္ဂလာဓာရဏာကထာ

*******

www.dhammaransi.com



## ဘဝစက်ယန္တရား ဘာ့ကြောင့်ပျက်

ဘဝဆိုတဲ့ ဖြစ်စဉ်တန်းကြီးဟာ သံသရာဆိုတဲ့ လည်ပတ်မှုကြား လူးလွန့်လိုက်ပါနေရတယ်။

လိုက်ပါနေရပုံချင်းတော့ မတူလေဘူး။ တချို့ဒရွတ်တိုက်၊ တချို့ အလိုက်သင့်၊ အလိုက်သင့်သမားက ပြည့်စုံကောင်းမွန်ချောမွေ့၊ ဒရွတ်တိုက်သမားခများတော့ ချို့ငဲ့ဆိုးရွား ကြမ်းကြမ်းထော်ထော်။

'ဘဝပျက်နေပါပြီကွာ' ဆိုတဲ့စကားလည်း ကျယ်ကျယ်လောင်လောင် ကြားရတတ်ရဲ့။

ဘဝကိုယ်တိုင်သည်ပင်လျှင် စက်ယန္တရားတစ်ခုလို လည်ပတ်နေခဲ့တာ၊ ဘဝပျက်တယ်ဆိုတာ စက်ယန္တရားရဲ့ အစိတ်အပိုင်းတစ်ခုခု သို့မဟုတ် တစ်ခုလုံး ပျက်သွားတာ။ ပြည့်စုံကောင်းမွန်ချောမွေ့တဲ့

www.dhammaransi.com



ဘဝမျိုးကို စာလိုပြောတော့ 'သမ္ပတ္တိစက်'၊ 'ဘဝပျက် ကိုကျတော့ 'ဝိပ္ပတ္တိစက်'။

ဒီကနေ့ ဝိပ္ပတ္တိစက်ယန္တရား ဝါးမြိုခံနေရသူ တွေက အများစု။

ဘဝစက်ယန္တရား ဘာ့ကြောင့် ပျက်ခဲ့ရပါ သလဲ။

ဒက်ကနဲ ပြောရရင် အပျက်တရားတွေသာ သံသရာဘဝ ဘဝတွေမှာ သိုမှီးခဲ့လို့။ အတတ်တရား မပျက်တရားတွေအပေါ် မေ့လျော့ခဲ့လို့။ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကတော့ ဆုတ်ယုတ်ပျက်ပြား ခြင်းမရှိစေတဲ့ **'စက်လေးပါး'** ဘယ်လို တပ်ဆင် လည်ပတ်သင့်တယ်ဆိုတာ ဒီလိုညွှန်ပြထားပါတယ်။

၁။ လုပ်ကွက်မှန် နေရာမှန်ကို စိစစ်ရွေးချယ်တက် ရခြင်း၊

၂။ ရှေးဘုန်းရှေးကံအပေါ် လက်ရှိကံဆောင်း၍ ကောင်းစွာပြုလုပ်ခြင်း၊

၃။ ကိုယ့်စိတ်ကို အကောင်းဘယ်သို့ ပြုပြင်တည် ဆောက်ခြင်း၊

၄။ ပညာရှိ သူတော်ကောင်းကို ရှာဖွေပေါင်းသင်း ခြင်း၊

www.dhammaransi.com



ဒီစက်လေးပါးရဲ့ သော့ချက်မှာ **ကိုယ့်စိတ်ကိုယ်ပြုပြင်ခြင်းသာ အဓိက** ပါတဲ့။

ဒီစက်လေးပါး အံဝင်ခွင်ကျတပ်ဆင်မိလျှင် စက်ကောင်းအဖြစ်နဲ့ သံသရာဘဝခရီးနှင်လိုရာ နှင်လေတော့တဲ့။ ဒီစက်လေးပါး မပြည့်စုံမမျှတ၊ အထူးသဖြင့် ကိုယ့်စိတ်ကိုယ်ပပြုပြင်ရင် စီးပွားရေးမှာ ဝိသမလောဘ (မတော်မတရားအလိုကြီးမှု) ဝင်ရင် စီးပွားရေးယန္တရားပျက်မယ်။ လူမှုရေးမှာဝိသမမောဟ ဝင်ရင် လူမှုရေးမှာ အပျက်ကြီးနဲ့ လည်ပတ်ရမယ်။ အိမ်ထောင်ရေးမှာ ဝိသမရာဂ ဝင်ရင် အိမ်ထောင်ရေးလည်း အပျက်နဲ့ပဲ လည်ပတ်ရမယ်ဆိုပါတယ်။ ဘာသာရေး၊ နိုင်ငံရေးတွေမှာလည်း ဒီသဘောပါပဲတဲ့။

လိုရင်းအချုပ်ကတော့ အတိုင်းထက်အလွန်သော လောဘ၊ မောဟ။ ရာဂ ဆိုတဲ့ 'အကျင့်ပျက်'တွေ မွှေနှောက်တာခံရလို့ ဘဝစက်ယန္တရားပျက်ရတယ်လို့ မှတ်သားအပ်ပါတယ်။ ဒါကြောင့် အကျင့်ပျက်နေရာမှာ 'အကျင့်ကောင်း'(သီလ) ကို အစားထိုးနိုင်ပါမှ စက်ပျက်တွေ စက်ကောင်းဖြစ်လာနိုင်ပါတယ်။ ဆရာတော်ဘုရားကြီးက 'စက်လေးပါးရဲ့

www.dhammaransi.com



သော့ချက်မှာ ကိုယ့်စိတ်ကိုယ် ပြုပြင်ခြင်းပဲ' လို့ ညွှန်ပြခဲ့တယ် မဟုတ်ပါလား။

လုပ်ကွက်မှန်ကို အမြင်မှန်စိတ်နဲ့ ရွေးပြီး လုပ်ကွက်မှန်လာရင် ကံပေါ်မယ်၊ ကံပေါ်ရင် စိတ်အံ မချော်တော့ဘဲ အမှန်လမ်းပေါ်လျှောက်နေရင် ပညာရှင်တွေရဲ့ အားပေးမှုနဲ့ သမ္ဘတ္တိစက် နောက်ပြန်လှည့်စရာ အကြောင်းမရှိ၊ ရှေ့ကို တည့်တည့်လည်စေပြီး ဘာမဆို လိုသလိုဖြစ်ပြီလို့ ဆိုပါတယ်။ ဒါ့ကြောင့် ဘဝစက်ယန္တရား ဘာ့ကြောင့်ပျက်ခဲ့ရသလဲ အဖြေရှာရင် ဝိသမလောဘ၊ မောဟ၊ ရာဂ ဖျက်ဆီးလို့၊ ကိုယ့်စိတ်ကိုယ် အကောင်းဘက်သို့ ပြုပြင်တည်ဆောက်ခြင်း မရှိခဲ့လို့... လို့သာ ဖြေဆိုရမှာ ဖြစ်ပါတယ်။

၂၄-၇-၉၉

**အညွှန်း** - ၁၉၉၄ ထုတ် မင်္ဂလာဓာရဏာ ကထာ စာ ၄၃

*******

www.dhammaransi.com



## မြတ်စွာဘုရား သာဝတ္ထိရွှေပြည်မှာ ဘာ့ကြောင့် အကြာဆုံး သီတင်းသုံး

ချစ်သားအာနန္ဒာ...

နောင်အခါ၌ သဒ္ဓါတရားရှိကြသော ရဟန်း၊ ယောကျ်ားများ၊ ရဟန်းမိန်းမများ၊ ဥပါသကာ ဒါယကာများ၊ ဥပါသိကာ ဒါယိကာမများသည် ဤလေးဌာနသို့ လာကြကုန်လတ္တံ့။

၁။ မြတ်စွာဘုရား ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်

၂။ သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိမဏ္ဍိုင်

www.dhammaransi.com



၃။ ပဥ္စဝဂ္ဂီငါးဦးတို့အား မြတ်စွာဘုရား တရားဦး ဓမ္မစကြာ ဟောမြွက်ရာ မိဂဒါဝုန်၊

၄။ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ မလ္လမင်းတို့၏ ကုသိနာရုံ အင်ကြင်းရုံ၊

ချစ်သားအာနန္ဒာ အကြင်လူတို့သည် ဘုရားဖူးခရီး လှည့်လည်မှုပြု၍ ကြည်ညိုစိတ်ဖြင့် သေလွန်ကုန်၏။ ထိုအားလုံးတို့သည် ဤခန္ဓာကိုယ် ပျက်စီးသေလွန်ပြီးနောက် နတ်ရွာသုဂတိသို့ ရောက်ကြကုန်လတ္တံ့။

မဟာပရိနိဗ္ဗာနသုတ်

အထက်ပါ လေးဌာနကို သွားရောက်ဖူးမြော်သံဝေဂယူသင့်တဲ့အတွက် အဲဒီလေးဌာနကိုသံဝေဇနိယလေးဌာနလို့ ခေါ်ဆိုပါတယ်။ သံဝေဇနိယ လေးဌာနမှာ မပါပေမယ့်လို့ ဗုဒ္ဓဝင်မှာ အင်မတန်ကျော်ကြားတဲ့ နေရာထူးတစ်ခုကတော့ **'သာဝတ္ထိရွှေပြည်'** ပဲဖြစ်ပါတယ်။ သာဝတ္ထိနဲ့တွဲဖက်ပြီး ဇေတဝန်ရွှေကျောင်းကြီးဟာလည်း ယခုတိုင် ကြည်ညိုအောက်မေ့လို့ မဆုံးနိုင်တဲ့ နေရာဌာနတစ်ခု ဖြစ်ပါတယ်။

ကျွန်တော်ဟာ ၁၉၉၆ ခုနှစ်တုန်းက အိန္ဒိယပြည်ကို သုံးလကြာ သွားရောက်ခဲ့ဖူးပါတယ်။

www.dhammaransi.com



အိန္ဒိယ တစ်ခွင်တစ်ပြင် ဗုဒ္ဓဝင်မှာ ကျော်ကြားတဲ့ နေရာဌာနများသို့ လှည့်လည်လေ့လာ၊ ကြည်ညိုဖူးမြော်၊ အားထုတ်ပူဇော်ခွင့်ရခဲ့ပါတယ်။ ဗုဒ္ဓဂယာ၊ မိဂဒါဝုန် စတဲ့နေရာတွေလိုပဲ 'သာဝတ္ထိ' ကို သုံးကြိမ်သုံးကျော့ ရောက်ခဲ့ရပါတယ်။ ရောက်တိုင်းရောက်တိုင်းမှာလည်း ဇေတဝန်ဥယျာဉ်တော်ကြီးထဲက မြတ်စွာဘုရား သီတင်းသုံးခဲ့ရာ ဂန္ဓကုဋိကျောင်းတော်ရာကြီးပေါ်မှာ အချိန်ကြာကြာ အားထုတ်ပူဇော်နိုင်ခဲ့ပါတယ်။ နောက်ဆုံးတစ်ခေါက် ရောက်သွားတုန်းကတော့ အချိန်ဘယ်လောက်ကြာသွားသလဲဆိုရင် ဇေတဝန်ဥယျာဉ်တော်ရဲ့ ဂိတ်တံခါးကြီးများပင် ပိတ်သွားခဲ့ပါပြီ။ ည(၁၀)နာရီခန့်လောက်အထိ တရားထိုင်အပြီး ဂန္ဓကုဋိကျောင်းတော်ရာပေါ်မှာ...

"သာဝတ္ထိဟာ သံဝေဇနိယလေးဌာနမှာ မပါပေမယ့် မြတ်စွာဘုရားရှင် အကြာဆုံးဝါကပ်တော်မူခဲ့တဲ့ နေရာဖြစ်တယ်၊ ဝါတော် ၂၁ဝါမှ ၄၄ဝါအထိ မဟာပရိနိဗ္ဗာန်စံတော်မူခါနီးအချိန်ထိ အကြာဆုံးသီတင်းသုံးခဲ့တာ ဘာ့ကြောင့်လဲ။ တခြားနေရာတွေမှာ တစ်ဝါနှစ်ဝါမျှသာ သီတင်းသုံးခဲ့တာလည်း ရှိတယ်၊ သာဝတ္ထိမှာ(၂၄)ဝါလုံးလုံး အကြာဆုံး သီတင်းသုံးခဲ့တာ ဘာ့ကြောင့်လဲ"။

www.dhammaransi.com



ဒီလိုတွေး ဒီလိုမေးခဲ့ပေမယ့် ကျေနပ်အားရဖွယ်အဖြေ မပေါ်ထွက်ခဲ့ပါ။

အိန္ဒိယက ပြန်လာပြီး မကြာမတင်ခင်မှာပဲ ရှမ်းပြည်နယ်အရှေ့ပိုင်း သုဝဏ္ဏသျှမ်တောင်တော်မှာ သီတင်းသုံး သာသနာပြုနေတဲ့ ကျေးဇူးရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားထံတော် အဖူးမြော်ရောက်ခဲ့ပြန်ပါတယ်။ အဲဒီတော့မှ မြတ်စွာဘုရား သာဝတ္ထိရွှေပြည်မှာ ဘာ့ကြောင့် အကြာဆုံး ဝါကပ်တော်မူခဲ့ရသလဲဆိုတဲ့အဖြေကို ကြောင်းကျိုးခိုင်လုံစွာ ရခဲ့ပါတော့တယ်။

"ကုလားပြည်အနှံ့ ဘုရားရှင် သာသနာပြုတော်မူခဲ့တာပဲ။ သို့ပေမယ့် ဘုရားကို ဘုရားမှန်းမသိ၊ တရားကို တရားမှန်းမသိလို့ ပေးကားပေး၏။ မရလိုက်တဲ့ကုလားတွေ အများကြီးပဲ၊ သာဝတ္ထိမှာကျတော့ ဝေနေယျတွေဟာ ဘုရားမှန်း တရားမှန်း သံဃာမှန်းသိသိနဲ့ ဘုရားစကား တရားစကား သံဃာ့စကား နားထောင်လိုက်နာကြတယ်။

ဆိုကြပါစို့။ တို့အရပ်ထဲမှာတောင် ဖအေလုပ်တဲ့သူက သားသမီးတွေ အိမ်သွားလည်တယ် ဆိုပါစို့။ အရက်သောက် ဖဲရိုက် အလေလိုက် ဆိုးမိုက်နေတဲ့

www.dhammaransi.com



သား‌ရဲ့အိမ်မှာ ကြာကြာနေပါ့မလား၊ မိဘစကား နားထောင်ပြီး ကုသိုလ်ကောင်းမှုဘက်မှာ လိမ္မာရေးခြားရှိတဲ့ သားရဲ့အိမ်မျိုးမှာသာ ဖအေကြီး ကြာကြာနေချင်ပေမပေါ့။ အေး... တို့ အဘဘုရား သာဝတ္ထိမှာ အကြာကြီး သီတင်းသုံးခဲ့တယ်ဆိုတာ... ။

အဲဒီတုန်းက သာဝတ္ထိမှာ လူဦးရေ ဆယ်သန်း (တစ်ကုဋေ) လောက်ရှိတဲ့အထဲမှာ သုံးပုံနှစ်ပုံ ခုနစ်သန်းခွဲကျော်ကျော်ဟာ အရိယာတွေချည်းပဲလို့ ဆိုတယ်။ သူတို့အပါယ်တံခါး ပိတ်ကုန်ကြပြီ။ဒီလောက်သန်းနဲ့ချီတဲ့လူတွေ အရိယာ ဖြစ်တယ်ဆိုလို့ဘုန်းကြီးဝတ်၊ မယ်သီလဝတ်ပြီး ကျင့်ခဲ့တာလို့ မထင်ပါနဲ့၊ သူတို့လည်း ခင်ဗျားတို့လိုပဲ အိမ်ထောင်သားမွေးရင်းက ဘုရားစကား အဆုံးအမကို ရိုရိုသေသေ တိတိကျကျ လိုက်နာကျင့်သုံးကြလို့ အရိယာတွေ ဖြစ်ကုန်တာပါ၊ ဝိသာခါကြီး ခုနစ်နှစ်သမီးနဲ့ သောတာပန်တည်ခဲ့တာပါပဲ၊ ကြီးတော့ အိမ်ထောင်မပြုဘူးလား၊ ပြုလိုက်တာမှ မွေးလိုက်တဲ့ကလေးတွေ မြေးတွေ တစ်သီးကြီး။ ဒါပေမယ့် သူတို့ရဲ့ဘဝနေနည်းက အာရုံခံစားမှုတွေနောက် ကောက်ကောက်ပါလိုက်ပြီး မေ့မေ့မျောမျောကြီးနဲ့နေတာ မဟုတ်ဘူး။ လောဘ

www.dhammaransi.com



ဒေါသနဲ့နေတာမဟုတ်ဘူး၊ တရားနဲ့နေတာ၊ အပ္ပမာဒဆိုတဲ့ သတိနဲ့နေတာ... ။

နံနက်မှာ ဆွမ်း၊ ညနေမှာ ဆီမီးပန်းနဲ့ရေချမ်းသာဝတ္ထိနေတို့ရဲ့ ဒါနခန်း... ၊

အသွားတဖြာ အလာတခန်း သတိတန်းလန်းသာဝတ္ထိနေတို့ရဲ့ ခြေချလမ်း... ။

အဲဒီ စာချိုးလိုပဲ၊ ထမင်းချက်ကုလားမကလည်း ဆန်ယူဆန်ရွေး ဆန်ဆေးမှ ပတ်မဥသုံအလုံးစုံအကုန်သိမှတ် သတိမပြတ်တဲ့ဗျ။ ငရုပ်သီးထောင်းတဲ့ ကုလားမလည်း ဒီလိုပဲ၊ လယ်ထွန်တဲ့ကုလားကလည်း ကြိမ်တို့ကြိုးဆွဲ သတိကဲလို့တဲ့ဗျ။ အဲဒီလို ဘာလုပ်လုပ် လောကီပေါ်တွင် သတိတင်လျက်က တစ်ခါတည်း နှစ်လုပ်ပြီးစေတဲ့ ဘဝနေနည်းကိုယ်နဲ့စိတ်ထား ထမ်းပိုးသွားညီစေတဲ့ ဘဝနေနည်းနဲ့ နေခဲ့ကြတော့ အတ္တလည်းမကြီးသာ၊ မာနလည်းမကြီးသာ။ ကိလေသာလည်း မဝင်သာတော့ဘူး။

ဟော... နံနက်လင်းတာနဲ့ ဆွမ်းအုပ်ကိုယ်စီရွက်ပြီး ဘုရားရှင်နဲ့ အရိယာအရှင်သခင်ကြီးတွေသီတင်းသုံးရာ ဇေတဝန်ရွှေကျောင်းတော်ကြီးကိုဆွမ်းပို့သွားကြပါတယ်။ ဒီလိုသွားရာမှာလည်း သွား

www.dhammaransi.com

သွားမှန်းသိ၊ ဘယ်ညာဖဝါး ဘယ်လိုသွားနေတယ် ဆိုတာ သိကြတယ်။

ကျောင်းရောက်တော့လည်း သတိမပြတ် မှတ်လျက်သာနေကြသတဲ့။

ဆွမ်းကပ်ပြန်တော့လည်း သတိမပြတ် မှတ်လျက်သာနေကြသတဲ့။

တရားနာတော့လည်း သတိမပြတ် မှတ်လျက်ကသာ နာကြသတဲ့။

ကိုယ့်အိမ်ကိုယ်ပြန်ရောက်လို့ အိမ်မှုကိစ္စလုပ်ကြတော့လည်း ရှုမှတ်မှုသတိကလေး အမြဲကပ်ပါနေတယ်။ ဒီလိုနဲ့ တစ်နေ့လုံး ဘာလုပ်လုပ် တရားနဲ့ သတိနဲ့ လုပ်နေတော့တာ၊ ဟော... ညနေချမ်းခါ ရောက်လာပြန်တော့လည်း ဘုရားရှင်နှင့် အရိယာ အရှင်သခင်ကြီးများ သီတင်းသုံးရာ ဇေတဝန်ကျောင်းတော်ကိုလာပြီး...

တချို့က သောက်ရေ၊ သုံးရေ ထမ်းလျက်က တချို့က ချိုးရေ၊ ခြေဆေးရေ ရွက်လျက်က၊ လက်တစ်ဘက်မှာတော့ ဆီမီး၊ နံ့သာတိုင်တွေကိုင်လို့၊ လက်တစ်ဘက်မှာ အမွှေးနံ့သာနဲ့ပန်းတွေကိုင်လို့ သွားကြ လှူကြ လုပ်ကြတယ်တဲ့။ ဒါနကုသိုလ်

www.dhammaransi.com



ဝေယျာဝစ္စကုသိုလ်တွေကို သတိနဲ့အတူ ယူကြပြန်ရော။

အဲဒီမှာ ပြောရဦးမှာပေါ့ဗျာ။

**ပန်း ဆီမီး နံ့သာတွေ ဘာ့ကြောင့် လှူတယ်ဆိုတာ...**

ဘုရားရှင်နဲ့ အရိယာအရှင်သခင်ကြီးတွေ ပန်းကြိုက်လို့၊ အမွှေးနံ့သာကြိုက်လို့မှ မဟုတ်တာဘဲ။ ကြိုက်စိတ်မကြိုက်စိတ်တွေ ပယ်ထားပြီးပြီပဲ၊ ဒါဖြင့် ဘာ့ကြောင့် ပန်းဆီမီး နံ့သာတွေ ကပ်လှူရသလဲ ဆိုတော့

* **ပန်းကား ဘုရားနှင့်မိမိတို့ကြား ကာခြားထားရန်**
* **ဆီမီးကား ဘုရားရှင်၏ အသရေတော်ဖူးမြော်ရန်**
* **နံ့သာတိုင်ကား မိမိတို့ ကိုယ်ညစ်အနံ့ ဘုရားထံ မပျံ့နှံ့ရန်**

ဒီလို ရည်ရွယ်ချက်ကောင်းနဲ့ ကပ်လှူကြတာပါ။

ဒီလိုနဲ့ ဘုရားဖူး၊ တရားနာ၊ တရားလျှောက်လုပ်ကြပြီး အိမ်ပြန်ရောက်လို့ အိပ်ကြတော့လည်း အမှတ်သတိကလေးနဲ့ အိပ်ကြသတဲ့ဗျ။ ဒီတော့

www.dhammaransi.com



သာဝတ္ထိပြည်သူပြည်သားတွေရဲ့ တစ်နေ့တာဆိုတာ အမှတ်သတိ ရှိနေခြင်းရဲ့တစ်နေ့တာ။ ဒါ တစ်ရက်လည်းမဟုတ်၊ နှစ်ရက်လည်းမဟုတ်၊ တစ်သက်လုံး ဒီလို နေသွားကြတာပါ။

ဒါကြောင့် သာဝတ္ထိပြည်သူပြည်သား အများစုဟာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ အဖြစ်နဲ့ ဘုရားရှင် မြင်တွေ့လိုတဲ့ သာသနာတော်တွင်း သားများအဖြစ် နေပြခဲ့ကြတယ်။

ဘုရားစကား နားထောင်လိုက်နာတဲ့ သာဝတ္ထိမှာ ဘုရားရှင် အကြာဆုံးဝါကပ်တော်မူတာ ဒါကြောင့်ပေကိုး။

သြော်... တိုင်းပြည်တစ်ပြည်၏ သုံးပုံနှစ်ပုံသော လူဦးရေများဟာ အရိယာတွေချည်းဖြစ်ခဲ့ပေရာ ရာဇဝင်မှာ လွမ်းတသကြည်ညိုစရာ အကောင်းဆုံး သာဝတ္ထိရွှေပြည်ပါတကား... ။ ။

၂၄-၇-၉၉

**အညွှန်း** - ဓမ္မ၊ သုဝဏ္ဏသျှမ်တောင် ဩဝါဒ ၁၃၅၇ ခုနှစ်ထုတ် မဂ္ဂဒွေသကာ ကထာ စာ ၆၁၊၆၂၊၆၃

*******

www.dhammaransi.com



## မကောင်းမှုတွေ ဘာ့ကြောင့်ဖြစ်

ကျွန်တော်တို့ မကြားချင် မမြင်ချင်ပါဘူးဆိုတဲ့ မကောင်းမှုဒုစရိုက်တွေဟာ ကမ္ဘာ့နေရာအနှံ့အပြား ဖြစ်ပွားနေပါတယ်။ မကောင်းမှုတွေ ဘာ့ကြောင့် ဖြစ်ခဲ့ပါသလဲ။

'သဗ္ဗေ အကုသလာဓမ္မာ အယောနိသောမနသိကာရ မူလကာ'

**ဖြစ်ပွားသမျှ မကောင်းမှုအားလုံး နှလုံးသွင်း မှားရာမှချည်း ဖြစ်ကြရချေသည်။**

မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးက အဲဒီလို အစချီပြီး...

လူတွေရဲ့တစ်နေ့တာ လှုပ်ရှားပြုကျင့်မှုတွေမှာ နှလုံးသွင်းမှားယွင်းမှုနဲ့ နှလုံးသွင်းမှန်ကန်မှု နှစ်ခု

www.dhammaransi.com



ဘသာ ကြီးစိုးနေပါတယ်။ နှလုံးသွင်း မှားယွင်းမှုဟာ ကာမအာရုံ ပုံဖော်လိုက်စားရာမှာ အသုံးတွင်ကျယ် တယ်လို့ ညွှန်ပြပါတယ်။

တစ်ဘက်သို့ ချစ်စရာ သာယာစရာ အသွင် မမြင်ဘဲနှင့် ကာမစိတ် မနိုးထချေ။ မိမိသို့ကြိုက်ပြီး၊ ငါအရယူမည် မလှုံ့ဆော်ဘဲနှင့် ကာမစိတ် မနိုးထ ချေ။

၁။ အဘိဇ္ဈာ – တစ်ဖက်အာရုံပုံဖမ်း၍ အငမ်းမရ ခုံမင်နေတော့ခြင်း၊

၂။ ဗျာပါဒ – ထိုအာရုံကို မခံစားရမချင်း ပူပင် ကြောင့်ကြတမ်းတနေတော့ခြင်း၊

၃။ မိစ္ဆာဒိဋ္ဌိ – ငါ သူဟူ၍ဘက်ခွဲ အချင်းချင်း တိုက်ပွဲဝင်ရန် ဆုံးဖြတ်လိုက်တော့ ခြင်း၊

ဒီသုံးမျိုးဟာ ကြိုးကိုင်၊ စိတ်နဲ့ပြုကျင့်နေတဲ့ မကောင်းမှု၊ တစ်နည်းအားဖြင့် နှလုံးသွင်း မှားယွင်း နေတော့ခြင်း။ ဒီလိုစိတ်နဲ့ ကျူးလွန်နေတဲ့ မကောင်း မှုဟာ နှုတ်ဖွင့်လက်ရောက်မဟုတ်သေးလို့ အရေးယူ လို့လည်း မရတတ်သေး။ ဒါပေမယ့် ဒီစိတ်သုံးမျိုးနဲ့ ကိုယ့်မယားကိုယ် ပျော်ပါးမိလျှင်သော်မှ အပြစ်

www.dhammaransi.com



မလွတ်ပုံကို ဆရာတော်ဘုရားကြီးက ဒီလို ရှင်းပြတော်မူပါတယ်။

သူ့ဥစ္စာ သူ့စိတ်ပါသည်ထက် ပိုသုံးခဲ့၍ အသက်တိုသော်... ပါဏာတိပါတကံ၊

သူ့ဥစ္စာ သူပေးလိုသည်ထက် ပိုယူခဲ့၍ သွေးခမ်းသော်... အဒိန္နာဒါနကံ၊

သူ့ဥစ္စာ သူ ခွင့်မပြုနိုင်သည့်အဆင့်ထိ တိုးယူခဲ့၍... ကာမေသုမိစ္ဆာစာရကံ၊

ထိုကာယဒုစရိုက် (ကိုယ်ဖြင့်ပြုသောမကောင်းကျင့်) သုံးမျိုးတို့မှလည်း မလွတ်ကင်းနိုင်ချေ။ သူတစ်ပါးသားမယားဖြစ်နေတာ ဆိုစရာပင် မလိုပြီ။ ထိုမျှမက ချစ်တင်းနှောခြင်း အမည်ခံထားသော မြူဆွယ်ခြင်းလည်း ပါခဲ့သော် မုသားကင်းတော့မည် မဟုတ်ချေ။

၉၉ ဇန်နဝါရီထုတ် သမ္မဒညာကာရ ကထာ စာ ၂၆

ဒီလိုဖြစ်ရတာဟာ သူ့ကို 'ချစ်စရာ' အသွင်နှလုံးသွင်းမှားရာက စခဲ့တာပါပဲ။ ငါ့အရယူမယ်ဆိုတဲ့ နှလုံးသွင်းမှားရာက စခဲ့တာပါပဲ။ ရုပ်အဘိဇ္ဈာ၊ အသံအဘိဇ္ဈာ၊ အနံ့အဘိဇ္ဈာ၊ အရသာအဘိဇ္ဈာ၊ အတွေ့အဘိဇ္ဈာ၊ အဘိဇ္ဈာ စေရာအတိုင်း ကြံစည်မိ

www.dhammaransi.com



ရာက စိတ်မထိန်းနိုင်ဖြစ်ကာ တစ်ဘက်သို့ယိုင်ကျ၊ ငြိခဲ့ရ၊ ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ကြရတာပါပဲ။ ကာမလောကသားတို့ကို လေ့လာကြည့်မယ်ဆိုရင် သူတို့ရဲ့ တွေးတောကြံစည်မှုမှာ အတွေးသက်သက်ရယ်၊ အာရုံတွေကိုပုံဖော်ပြီး ကြံနေတဲ့ အကြံရယ် ဆိုပြီး နှစ်မျိုးတွေ့ရမယ်လို့ ဆိုပါတယ်။

ဆိတ်ငြိမ်တဲ့အချိန် တခြားကာမစည်းစိမ်တွေလည်း ခံစားလှည့်မရသေးချိန်မျိုးမှာ အတိတ်ကတွေ့ခဲ့ရပြီး ကြိုက်အာရုံတွေကို တနုံ့နုံ့ စမြုံ့ပြန်နေတတ်ပါတယ်။ နောက်တစ်ခါဆို ဘယ်လိုလုပ်လိုက်မယ် ဆိုတဲ့ ဆုံးဖြတ်ချက်လည်း ချနေတတ်သေးရဲ့။ ဒီလို 'မနောတွင်း အဘိဇ္ဈာ' နဲ့ပဲ ကိုယ့်ပုဆိုးကိုယ် နင်းလဲနေကြတာ... ။

ပြီးတော့ မြင်သိကြားသိ စတဲ့အသိ ငါးမျိုးဟာလည်း မိမိတို့ ဖမ်းယူမိတဲ့ အာရုံပုံရိပ်တွေကို အတွင်းမနောသို့သာ သတင်းပေးပို့ရပါတယ်။ အဲဒီမှာ အတွင်းမနောက ဆင်ခြင်မယ်၊ လေ့လာမယ်၊ ဆုံးဖြတ်မယ်၊ ပြီးတော့ ငြင်းပယ်ခြင်း၊ လက်ခံခြင်း၊ မှတ်တမ်းတင်ခြင်းတွေ ပြုတယ်လို့ ဆိုပါတယ်။ အဲဒီစိတ်ကူးသိ အတွင်းမနောကသာ အရေးဆိုလိုက်ရင်း

www.dhammaransi.com



မျက်စိ၊ နား၊ နှာ၊ လျှာ။ တစ်ကိုယ်လုံးအရသာရှိလာတတ်ပြီးဆိုင်ရာ အာရုံခံစားမှုတွေ တဖွားဖွားထလှုပ်ရှား ပြသပါတော့တယ်။ ဒါကိုပဲ **စိတ်မနိုင်ခြင်း** လို့ဆိုရတယ်။ ဒီစိတ်မနိုင်မှုကြောင့်ဘဲ မကောင်းကျင့်တွေ အတင့်ရဲ့ခဲ့တယ်လို့ ဆရာတော်ဘုရားကြီးက တရားခံမနေသာကံကို ရဲရဲကြီး ဆွဲထုတ်ပြပါတယ်။ (၄င်း စာ ၂၉)

အဲဒီစိတ်မနိုင်ခြင်းမှာ တဏှာ၊ မာန၊ ဒိဋ္ဌိ အချဲ့သုံးမျိုးပွဲတိုးနေကြပြီး... မမြင်လိုက်နဲ့ ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် ဆိုတာနေရာယူပြီး ဖြစ်နေတတ်ပါတယ်။ ရှေ့တစ်မျိုးတိုးဖို့လည်း နှိုးဆော်နေတတ်ပါသေးတယ်။ ဒါဟာ ကာမလောကသားတို့ရဲ့မြင်ကွင်း... ဘယ်ပုံမှားယွင်းခဲ့တယ်ဆိုတာပါပဲ။

စိတ်နှလုံးသွင်း မမှန်ကန်မှုဟာ ဘဝကိုလည်းကောင်း၊ လောကကိုလည်းကောင်း ပြောင်းလဲပစ်နေတယ်။ ဒီနေ့ ဖြစ်ပွားနေတဲ့သတ်မှု၊ လုယက်မှု စတဲ့ဒုစရိုက်ကြမ်းတွေကနေ အချင်းချင်းအကြိုက်ပေးဖျက်ဆီးမှုအထိ မကောင်းကျင့်အားလုံး အဲဒီစိတ်နှလုံးသွင်းမှားရာကချည်း ဖြစ်ခဲ့တာပါ။ ဆရာတော်ဘုရားကြီး ဥပမာ ပေးပုံကား–

www.dhammaransi.com



* ဓားပြကြီးသည် သူ့မယား၏ လည်ပင်းက ရွှေကြိုးကို မလုယက်၊ သူ့သားက သူ့ဂုတ် ခွစီးနေသည်ကိုထမသတ်။ အဘယ်ကြောင့် ဆိုသော် နှလုံးသွင်းမမှား ယွင်းသေးသော ကြောင့်တည်း။
* ဓားပြကြီးသည် တိုက်ခိုက်ရာမှရသမျှ ရွှေငွေအကုန်ယူ၏။ အမြင်မရှင်းလျှင် ရင်ခွင်တွင်း ကလေးပါမကျန် သတ်ခဲ့၏။ အဘယ်ကြောင့်ဆိုသော် နှလုံးသွင်းမှား ယွင်းနေပြီ ဖြစ်သောကြောင့်တည်း။ (ၑင်းစာ ၃၁)

ဒီလိုသာ တစ်ဘက်ကြည့်ပြီး အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ မကောင်းကြံသုံးမျိုး ပေါ်နေမယ်၊ ငါ့ဘို့ ဆိုတဲ့ ပပဉ္စသုံးမျိုးကလည်းချဲ့ ချဲ့ပေးနေမယ်ဆိုရင် အမည်ခံအားဖြင့် ဘယ်လောက်ပဲ ဂုဏ်တည်နေပါစေ ဟန်ဆောင်လေ ယောင်မှားလေ ဖြစ်တော့မယ်လို့ သတိပေးထားပါတယ်။ အပေါ်ယံမျက်နှာဖုံးထက် အတွင်းနှလုံး မနောကိစ္စသာ အဓိကပဓာနဖြစ်တယ်လို့ဆရာတော်ဘုရားကြီးကလမ်းညွှန်တော်မူပါတယ်။ (ၑင်းစာ ၃၂)

www.dhammaransi.com



ဒါ့ကြောင့် ကမ္ဘာလောကမှာ ဖြစ်ပွားနေသမျှ မကောင်းမှုဒုစရိုက်တွေဆိုတာ ကာမကိစ္စမှာတောင် ချစ်စရာလေးလို့ နှလုံးသွင်းမှားမိရင် အကျိုးဆက် မကောင်းမှုတွေ အမျှင်တန်းလာမယ်။ လူမှုစီးပွား နယ်ပယ်များမှာလည်း ငါ၊ ငါ့ပစ္စည်း၊ ငါပိုင်သည် ဆိုတဲ့ အချဲ့တရားက နှလုံးသွင်းမှားစေခဲ့တဲ့အတွက် မကောင်းမှုမျိုး ဒုစရိုက်ဆိုးတွေ တိုးပွားနေတာ ဖြစ်ပါကြောင်း ဆင်ခြင်အပ်ပါတယ်။ ။

၂၄-၇-၉၉

**အညွှန်း** - ၁၉၉၉ ဇန်နဝါရီလထုတ် သမ္မဇညာကာရ ကထာ၊

*******

www.dhammaransi.com



## ရန်မအောင်တာ ဘာ့ကြောင့်နည်း

ဘုရားမဖြစ်မီ၏ ကာလပတ်လုံး အလောင်းတော်တို့ထုံးကား 'သစ္စာသည်သာရန်အောင်ရာ'အဖြစ် အားပြုသုံးစွဲသွားခဲ့ကြပါတယ်။ လောကတ္ထစရိယာ ဉာတတ္ထစရိယာဗုဒ္ဓတ္ထစရိယာ ဆိုတဲ့ စရိယာသုံးပါး အတွက် စွမ်းဆောင်ချက်တိုင်းမှာ အတွင်းရန်၊ အပြင်ရန်တွေနဲ့ တွေ့မြဲဓမ္မတာ၊ ဒီလို ရန်အပေါင်းနဲ့ ရင်ဆိုင်ရလေတိုင်းမှာ အလောင်းတော်တို့ဟာ မိမိသီလကို သစ္စာဆိုပြီး ရန်အပေါင်းကို ဖြိုခွင်းနိုင်ခဲ့တာချည်း။

အလောင်းတော်တို့ထုံး နှလုံးမူပြီး ကျွန်တော်တို့ခေတ်မှာလည်း ရန်အောင်စေကြောင်း သစ္စာဆိုခဲ့ပေါင်းများပေပြီ။ သို့သော် ရန်မအောင်၊ သစ္စာဆိုပါလျက် ရန်မအောင်တာ ဘာ့ကြောင့်ပါနည်း။

www.dhammaransi.com



ဒီအဖြေကို ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ခြေခြေမြစ်မြစ် ရှင်းပေးတော်မူခဲ့ပါတယ်။ ဒီခေတ်လူတွေနဲ့ အလောင်းတော်တို့ရဲ့စိတ်ထား ဘယ်လောက်ထိ ကွာခြားတယ်ဆိုတာ သိရအောင် အခြေခံကစပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြတော်မူပါတယ်။ သစ္စာဆိုရာမှာ သစ္စာချည်းသက်သက် မဟုတ်၊ သစ္စာနှင့်တွဲဖက်ပြီး သစ္စာကဲ့သို့ အလေးအနက်ထားအပ်တဲ့ သီလ၊ မေတ္တာ၊ ခန္တီတို့ရဲ့ သဘောကိုပါ စောကြောဖော်ထုတ်ထားပါတယ်။

အလောင်းတော်တကာ သူတို့စွာတို့ ကိုင်စွဲသောလက်နက်နှင့် ထားမြဲသောစိတ်ထားတို့မှာကား

၁။ သီလ... ကိုယ်ကျင့်တရား မပျက်ပြားခြင်း

၂။ သစ္စာ... မှန်သည်ကိုသာ ပြုလုပ်ပြောဆိုခြင်း

၃။ မေတ္တာ... တစ်ဦးတည်းသော သား၌ ထားသောစိတ်ထားမျိုးကိုသာ အများ၌ထားရှိခြင်း၊

၄။ ခန္တီ... တစ်ဦးတည်းသား၌ ကောင်းဆိုးတို့ကို ခွင့်လွှတ်တတ်သော စိတ်ထားမျိုးကိုသာ အများပေါ်၌ ထားရှိခြင်းပင်။

အထက်ပါ လေးမျိုးတို့တွင်

www.dhammaransi.com



သီလသစ္စာကား အမြဲကိုင်စွဲကြသည့် လက်နက်ပမာ၊

ခန္တီမေတ္တာကား အမြဲထားရှိသည့် နှလုံးသားလွှားကာ–ဒိုင်းပမာ၊

သစ္စာထိုက်အောင် သီလမြဲမှ ဖြစ်၏။ သည်းခံနိုင်အောင် မေတ္တာရှိမှဖြစ်၏။ ထိုအားလုံးတွင် သီလသည် ဥက္ကောင်းတည်း။ တစ်ဖန်လည်း ရန်သူကို ခုခံရာ၌ သီလ၊ သစ္စာသည် အရေးပါချေ၏။ ရန်သူအတုအစစ် ကို ခွဲကြည့်ရာ၌ ခန္တီမေတ္တာသည် အရေးပါ၏။ ထိုအားလုံးတို့တွင် သီလသည်၊ ဥက္ကောင်းတည်း၊ အဘယ်ကြောင့်ဆိုသော်...

သီလ၌တည်၍ဆိုသော သစ္စာသည်သာ အရာရာ စူးရှစေ၏။

သီလ၌တည်ရှိထားရှိသော မေတ္တာသည်သာ အရာရာသို့ လွှမ်းခြုံနိုင်စေ၏။

သီလ၌တည်၍ ခွင့်လွှတ်သော ခန္တီသည်သာ အရာရာ အောင်နိုင်စေ၏။

၉၃ အောက်တိုဘာ၊ ဒမ္မောဝါဒကထာ စာ ၁၆၃

ဒီမှာ သီလရဲ့ အရေးပါပုံကို သိကြရပါပြီ။ သီလသည်လည်း သူ့ချည်းမတည်၊ သူ့ချည်း မစင်

www.dhammaransi.com



ကြယ်၊ တွဲဖက်သရဏဂုံပါ၊ပါမှ သီလအားကောင်း မည်။ သရဏဂုံဆိုတာ သတ္တဝါတို့ကို ဘေးကင်းစေပြီး သတ္တဝါတွေကို ဒုက္ခပေးနေတဲ့ ကိလေသာရန်သူကို ဆီးကြိုခုခံတွန်းလှန်နိုင်တယ်လို့ဆိုပါတယ်။ **သရဏဂုံပွားတယ်ဆိုတာ** ကမ္မဋ္ဌာန်းနည်းတစ်ခုခု ပွားများနေတာ (ဝါ) အပ္ပမာဒ သတိနဲ့ နေတာကို ဆိုလိုပါတယ်။ ဒီလို သတိနဲ့ ပွားများစောင့်ထိန်းနိုင်ပါမှ ကိုယ်နှုတ် သောင်းကျန်းမှုကို ထိန်းသိမ်းစောင့်စည်းနိုင်ပြီး သီလ စင်ကြယ်မယ်။ သရဏဂုံက အတွင်းကိလေသာ ထကြွမှုကို ဖြိုဖျက်ပေးမယ်။ ဒီလို သရဏဂုံတည် သီလမြဲမှသာလျှင် ကိုယ်၊ နှုတ်၊ နှလုံး ကံသုံးပါးလုံး စင်ကြယ်ပြီး အရာရာကို သည်းခံခွင့်လွှတ်နိုင်ခြင်း၊ မေတ္တာထားနိုင်ခြင်းများ သက်ဝင်လာပြီး သူတော်ကောင်းဘဝကို ရနိုင်တယ်လို့ လမ်းညွှန်တော်မူပါတယ်။

သရဏဂုံတည် သီလမြဲသူရဲ့ မေတ္တာသာလျှင် မိဘမေတ္တာမျိုး ထားနိုင်ပြီး သားဆိုးသားမိုက် သားလိမ္မာ အညီအမျှ ချစ်နိုင်သလိုပဲ သတ္တဝါတွေအပေါ် အကောင်းအဆိုး အညီအမျှ မေတ္တာမျှဝေနိုင်မယ်။ ချစ်သူဘက်က ပစ်လွှတ်တဲ့ရာဂမီးလည်း မကူးနိုင်၊

www.dhammaransi.com



မုန်းသူဘက်မှ ပစ်လွှတ်တဲ့ဒေါသမီးလည်း မကူးနိုင်၊ သူတို့ကိုယ်တိုင် လောင်ကျွမ်းနေတာကိုလည်း ငြိမ်းအေးစေနိုင်တယ်လို့ ဖွင့်ဆိုပါတယ်။

ဒီလိုပဲ သည်းခံခွင့်လွှတ်မှု ခန္တီတရားမှာလည်း ကြိုက်ပြစ်မှား၊ မကြိုက်စော်ကား နှစ်ပါးလုံးကို ဖျက်ထုတ်ကာကွယ်နိုင်တယ်လို့ ညွှန်းဆိုပါတယ်။ ဒီလို သီလ ဒီလို မေတ္တာ ဒီလို ခန္တီမျိုးနဲ့ သစ္စာဆိုမှသာ ကောင်းကိစ္စ၊ ဆိုးကိစ္စ နှစ်ခုလုံးအောင်နိုင်တယ်လို့ ဆိုပါတယ်။ ဒီလို **အောင်မြင်ရခြင်းအကြောင်းရင်း** ကတော့ ခန္တီနဲ့ မေတ္တာဟာ သီလအပြည့်ပါတဲ့ မိမိရဲ့ **စွမ်းဓာတ်အားမှဖြစ်သော(ဓာတ်ကူ)ဖြင့်** အောင်နိုင်ရခြင်း ဖြစ်တယ်လို့ ဆရာတော်ဘုရားကြီးက အတိအလင်း မိန့်ဆိုပါတယ်။ **'သစ္စာသည်ကား' မိမိ၏ သီလအားကိုမှီလျက် တစ်ဘက်မှ ဖြစ်သော (နတ်အကူဖြင့်) အောင်နိုင်စေခြင်းတည်း'** လို့ ရေးသားဖော်ပြထားပါတယ်။ (ဝှင်းစာ ၁၆၆ ရှု)

"သီလအားနည်းပါးသူ၏ ဆိုသော သစ္စာသည်လည်းကောင်း၊ ထားသောမေတ္တာသည်လည်းကောင်း၊ ခုခံသော ခွင့်လွှတ်အားသည်လည်းကောင်း ဖုတ်သဲကို အခြောက်တိုက်လွှင့်ပစ်လိုက်သကဲ့သို့

www.dhammaransi.com



လိုရာတည့်တည့်မကျခြင်း၊ ကျပါသော်လည်း အထိမနာခြင်းများကြောင့်ပင် ဖြစ်ချေ၏ ”။

“မျက်မှောက်ခေတ်မှာကော သီလဝိသုဒ္ဓိဖြင့် ပြီးပြည့်စုံသည့် သူတော်ကောင်းများ မရှိရာသလော၊ ရှိသည်ကား မှန်၏။ ရာသီချိန်မဟုတ်သော သရက်သီးမှည့်မျိုးကဲ့သို့ ရှားပါးလှချေသောကြောင့် တစ်ကိုယ်ရေအတွက်သာ ခုခံကာကွယ်နိုင်ချေ၏။ အနီးရှိ လက်လှမ်းမီရာလည်းဖြစ်၊ သဒ္ဓါစစ်ဖြင့် မှီခိုသူလည်းဖြစ်သော သူတစ်စုလောက်မျှကိုသာ အကာအကွယ်ပေးနိုင်ချေ၏။”

“ဘုရားရှင်၏ မျက်မှောက်တော် ကာလတုန်းကကား သူတော်ကောင်း အစားစားများ လွန်လွန်းလှသောကြောင့် အများကိုပင် ကာကွယ်နိုင်ချေ၏။ အရက်မူးသမား နာဠာဂီရိအား နှစ်သောင်းမျှသော ရဟန်းတော်အပေါင်း ခြံရံလျက်က အောင်နိုင်သည်ကို ကြည့်၊ ကောလိယ၊ ကပ္ပိလသားအပေါင်း ရေလုပွဲမှဖြစ်သော ဘေးရန်ကိုလည်း အောင်နိုင်သည်ကို ကြည့်... ”

အကာအကွယ်ခံတို့ဘက်မှာလည်း သာသနာ၌ တကယ်ယုံသော သဒ္ဓါယုံရှိမှသာ အကာအကွယ်

www.dhammaransi.com



ပေးနိုင်ချေ၏။ တဏှာယုံကိုကား သူ့ဘက်မှ မီးစာ ဓာတ်ခံ ရှိနေချေသဖြင့် မိမိပေးပို့သော သီလအပြည့် ပါသော မေတ္တာအအေးဓာတ်သည် ဝင်ခွင့်သာရန်ပင် အခွင့်အလမ်းရရှိလိမ့်မည် မဟုတ်ချေ"(၎င်းစာ ၁၆၆ စာ ၁၆၇)

ဒီမျှဆိုလျှင် ရန်မအောင်တာ ဘာ့ကြောင့်နည်း ဆိုတဲ့ အဖြေကို ကြောင်းကျိုးမှန်ကန်စွာ ဆင်ခြင်နိုင် လောက်ပေပြီ။ ဒါ့ကြောင့် ရန်အောင်ကြောင်းဖြစ်တဲ့ 'သီလ၊ သစ္စာ၊ မေတ္တာ၊ ခန္တီ' အကျင့်တရားများနဲ့ ဘဝ ခရီးကို အားသစ်လျှောက်လှမ်းဖို့ပဲလိုပါတော့တယ်။

၂၅-၇-၉၉

**အညွှန်း** - ၉၃၊ အောက်တိုဘာလထုတ် ဓမ္မာဝါဒကထာ ဒုတိယအကြိမ်

*******

www.dhammaransi.com



## ခန္တီပါရမီ ဘာ့ကြောင့်ခက်

သစ္စာဆိုပြီး ရန်အောင်စေရာမှာ 'သီလ၊ သစ္စာ၊ မေတ္တာ၊ ခန္တီ' တရားလေးပါး အားထားဖို့ လိုအပ်ကြောင်း သိခွင့်ရခဲ့ပါပြီ။ ဒီလေးပါးမှာ 'ခန္တီပါရမီ' လို့ခေါ်တဲ့ သည်းခံကျင့်ကို ကျင့်ရတာ အခက်ဆုံးပါ။ ပါရမီဆယ်ပါးမှာလည်း ခန္တီပါရမီ အခက်ဆုံးလို့ သူတော်ကောင်းကြီးများက အမိန့်ရှိခဲ့ဖူးပါတယ်။

ကိုယ့်မှာတစ်ကျပ်ရှိရင် သူ့ကိုတစ်မတ်ပေးဖို့ လွယ်ပါတယ်။ ကိုယ့်လာပြီး မခံချင်အောင် ဆွပေးနေတာမျိုးကျတော့ သည်းခံရခက်ပါတယ်။ သူ့မာန ကိုယ့်မာန ပြိုင်လိုက်ချင်ပါတယ်။ စကားနည်းရန်စဲ သဘောနဲ့ ကြိတ်မှိတ်အောင့်အည်း မြိုသိပ်လိုက်ကာမှ

www.dhammaransi.com



'ကြောက်တယ်' ထင်မှာစိုးပြီး သည်းမခံတော့ဘဲ ထရန်ဖြစ်တာတွေလည်းကြုံဖူးပါလိမ့်မယ်။မနိုင်လောက်လို့ အရှုံးပေးပြီး ငြိမ်နေလိုက်တာလည်း အပြုံးအတေးအာဃာတတွေနဲ့ ပူလောင်ကျန်ရစ်ခဲ့လို့ တကယ့်သည်းခံခြင်းလို နှလုံးမအေးရပါဘူး။

တရားထူးရဖို့ ခန္တီပါရမီဖြည့်ကျင့်နိုင်ဖို့ဝေးစွ၊

ဈေးမှာ၊ လမ်းမှာ၊ ယုတ်စွအဆုံး ကားရထားတွေပေါ်မှာတောင်မှ တစ်ယောက်နဲ့တစ်ယောက်သည်းမခံနိုင်ကြလို့ ပြဿမီးထွန်းရှာသလို ဖြစ်နေရပါတယ်။ ဒီလိုသည်းမခံနိုင်ကြတာ ဘာ့ကြောင့်ပါလဲ။

**ခန္တီရဲ့အဓိပ္ပါယ်ကို ဆရာတော်ဘုရားကြီးက ဒီလိုဖွင့်ဆိုပါတယ်။**

ခန္တီဟူသည် လောကဓံရှစ်မျိုးနှင့် ပက်ပင်းတိုးမိရာတိုင်း၌ အကောင်းလေးမျိုးနှင့် တွေ့သည်ဖြစ်စေ၊ မကောင်းလေးမျိုးနှင့် တွေ့သည်ဖြစ်စေ မလှုပ်မယှက်ခံနိုင်သော သတ္တိကိုဆို၏။

ဘဝသံသရာနှင့်ချီ၍ ကောင်းကျိုးတို့ကိုသာမျှော်လင့်စောင့်စားရင်းက အဆိုးဘက်သို့သာ ယိုင်လဲနေကြရရှာသော လောကသားများအဖို့သည်ကားယင်းလောကဓံရှစ်မျိုးတို့အပေါ်ဝယ် ငယ်ကြောက်

www.dhammaransi.com



သဖွယ်ဖြစ်၍ လောကဓံနှင့်တွေ့လေတိုင်း တုန်လှုပ်သည်ကများ၏။ ယင်းလောကဓံရှစ်မျိုးတွင်–

* လောက၏ အကောင်းလောကဓံသည် လောဘမှဖြစ်၏။
* အဆိုးလောကဓံသည်ကား ဒေါသမှဖြစ်၏။

တကယ်ကောင်းမဟုတ်သော အကောင်းမှန်သမျှ လောဘက လိမ်ကျွေးထားသော ဆေးခါးမျိုးသာ ဖြစ်ချေ၏။

တကယ်ဆိုးမဟုတ်သော အဆိုးမှန်သမျှ ဒေါသက လိမ်ကျွေးထားသော ဆေးခါးမျိုးသာ ဖြစ်ချေ၏။

တကယ်အကောင်းသည် ကိုယ်ပြင်ကမဟုတ်၊ ကိုယ်တွင်းမှာသာ ရှိ၏။

တကယ်အဆိုးသည်လည်း ကိုယ်ပြင်မှာမရှိ၊ ကိုယ်တွင်းမှာသာရှိ၏။

ကိုယ်ပြင်မှ တစ်ဘက်၏ အာရုံကိုခံစားရင်းဖြစ်သော ကောင်းဆိုးနှစ်တန်သည်ကား လောဘဒေါသ ဖြစ်သော ကြိုက်မကြိုက်ကြောင့်သာတည်း။

www.dhammaransi.com



တကယ် 'ကောင်း–ဆိုး' သည်ကား မိမိကိုယ်တွင်းသို့ ပြန်လှန်ကြည့်ရှုရာမှ ဖြစ်ပေါ်လာသော သဘာဝ တရားတည်း။

တကယ်ကောင်းသည် ဝိမုတ္တိရသာဓမ္မသုခ ခေါ်သော တရားသဘောကို သိရာမှ ရရှိလာသော ကောင်းမျိုးသာ ဖြစ်၏။

တကယ်ဆိုးသည်လည်း တရားရှုမြင်ရာမှ သိရှိရသော မိမိ၏ခန္ဓာဝန်၊ ခန္ဓာဒုက္ခနှင့် ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးဆိုးများသာ ဖြစ်၏။

သို့ကြောင့် တကယ်ကောင်းလည်း မဟုတ်သော၊ တကယ်ဆိုးလည်း မဟုတ်ပါသော အပြင်အာရုံမှ ဖြစ်ပေါ်သည့် **ကောင်းဆိုးလောကဓံကို ခံနိုင်စေလိုသော်** ငယ်ကြောက်ကို တော်လှန်နိုင်သည့် စိတ်ထားမျိုးသို့ ပြောင်းလဲလျက် မိမိဘက်နေရာ ပြောင်းခံမှသာ ခံနိုင်ရည်ရှိရာ၏။

၉၃ အောက်တိုဘာ ဓမ္မောဝါဒကထာ စာ ၁၆၈

ခန္ဓီရဲ့သဘောကို ဆရာတော်ဘုရားကြီးက ဒီလို ဖော်ထုတ်တော်မူပြန်ပါတယ်။

"**မခံချင်သည်မှာဒေါသ – ထရန်ဖြစ်ရတော့ ခန္ဓာ**

www.dhammaransi.com



ခံချင်သည်မှာလောဘ – လက်ခံပေါင်းသင်း

ပေးရတော့ ခန္ဓာ

ထိုသို့ အပြင်နှင့်အတွင်း 'ရန်စနှင့်ရန်လုပ်ခြင်း' နှစ်မျိုးရှိရာတွင် မိမိခန္ဓာတွင်းရှိ ရန်လုပ်ကို သည်းခံနိုင်က ပြင်ပ၏ရန်စကား မိမိနှင့်သာမျှပင် မဆိုင်ပြီ။

လောဘခိုင်းသဖြင့် ကြက်သတ်ဖို့ထက် ထိုကြက်သတ်ခိုင်းနေသော ကိုယ့်လောဘကိုယ် ပြန်သတ်နိုင်မှ ပါရမီအဆင့်တက်သာ၏။ ခန္တီအောင်၏။ သည့်အတူ ဒေါသခိုင်းသဖြင့် မြွေပွေးကိုသတ်မည်ထက် ထိုခိုင်းသော ဒေါသကို ပြန်သတ်နိုင်မှသာ ရန်စအေး၏။ ရှင်း၏။ သို့ကြောင့် **ဤခန္တီသည် ပါရမီတို့တွင် အခက်ဆုံးတည်း။**

သူတစ်ပါးတို့ ထိပါးပုတ်ခတ် ရန်စပ်မှသာ ခံရတတ်ပြီး ထိုသို့ခံစဉ် မိမိအတွင်း၌ လက်သပ်မွေးထားသော လောဘ၊ ဒေါသ ခွေးနှစ်ကောင်ဒဏ်ကိုလည်း ခံနိုင်ရတတ်လှချေ၏။ **ခံနိုင်မှတည်သော ခန္တီပေတည်း။**

ဒါနကား ငွေရှိလျှင် ရတတ်သေး၏။ သီလကား ရှောင်ထိန်း–ထိန်းရုံမျှဖြင့် ရတတ်သေး၏။ မမြင်မကြားရာ သွားနေက ဖြစ်သေး၏။ ဤခန္တီကား

www.dhammaransi.com



ပက်ပင်း၌ ငုတ်တုတ်ထိုင်ခံနိုင်မှုရ၏။ အခန့်မသင့်ချိန် ရုတ်တရက် ဝင်လာသည်ကိုသာ စောင့်ကြိုခံရခြင်းမျိုး ဖြစ်ရကား သူတစ်ပါးပေးမှ ကမ်းမှုရသော **သန့်စင်ပါရမီ**မျိုးတည်း။

၁၉၉၇ မတ်လထုတ် ပါရမီ ပရိစယ ကထာ စာ ၆၉

ဒါ့ကြောင့် ခန္တီပါရမီ ဘာ့ကြောင့်ခက်ရသလဲ ဆိုတဲ့ အနှစ်ချုပ်သဘောကို ပြောရရင်...

အကောင်းလောကဓံ၊ အဆိုးလောကဓံများနဲ့ ပက်ပင်းကြုံရတိုင်း တုန်လှုပ်စွာတုံ့ပြန်တတ်တဲ့ အတွင်းလောဘနဲ့ဒေါသကို မနိုင်သေးလို့။ ဒါ့ကြောင့် ခန္တီအားကောင်းချင်ရင် ကိုယ့်လောဘနဲ့ ကိုယ့်ဒေါသ ကိုယ်ပြန်လည်နှိပ်ကွပ် ဆုံးမရမှာဖြစ်ပါကြောင်း။ ။

၂၆-၇-၉၉

***အညွှန်း*** – ၉၃၊ အောက်တိုဘာလထုတ် ဓမ္မာဝါဒကထာ

၉၇၊ မတ်လထုတ် ပါရမီပရိစယ ကထာ

*******

www.dhammaransi.com



## ဓမ္မစကြာဟောရာမှာ လက်ိုလက်ယာ နေကိုလက်၀ဲ ဘာ့ကြောင့်ထား

ဗုဒ္ဓဘာသာတရားတော်များ၌ 'တရားဦးဓမ္မစကြာ' သည် ဗုဒ္ဓဘုရားရှင်၏ မူဝါဒလမ်းစဉ် ကြေညာချက်၊ ပယ်ရမည့်လမ်း၊ လျှောက်ရမည့်လမ်း၊ ပေါက်ရမည့်စခန်းတည်းဟူသော နိဗ္ဗာန်သို့တိုင်အောင် ညွှန်ပြချက်များ ပါဝင်နေပါတယ်။ ဒီနေရာမှာ ဓမ္မစကြာရဲ့ ဖွင့်ဆိုချက် အနက်အဓိပ္ပါယ်ကို ဖော်ပြလိုရင်းမဟုတ်ပါ။ ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောစဉ်အခါ သဘာဝအနေအထား၊ အခင်းအကျင်းတည်နေဟန်ဟာ 'ဘယ်ပုံ၊ ဘယ်လို၊ ဘာ့ကြောင့်' ဖြစ်တည်ခဲ့တယ်ဆိုတာ ပြောလိုရင်းပါ။

www.dhammaransi.com



**'နေဝင်လထွက် ဟောမြွက်ဓမ္မစကြာ'** ဆိုတဲ့ ရွတ်ဆိုပူဇော်သံတွေ ကြားဖူးကြပါလိမ့်မယ်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက...

"မှားနေပြီဗျ။ ဓမ္မစကြာဟောတော်မူစဉ်အခါ **နေမဝင်** သေးဘူး၊ လကထွက်စ၊ တက်စ၊ **နေမဝင်သေးပါဘူး**၊တို့ အဘဘုရားရှင်ဟာ **လကိုလက်ယာ၊ နေကိုလက်ဝဲ** ထားပြီး ဓမ္မစကြာတရားဦး ဟောခဲ့တာ၊ နေနဲ့လ အပြိုင်သာနေချိန်မှာ ဒီတရားဟောခဲ့တာ။ ဒါ့ကြောင့် **နေဝင်လထွက်** ဆိုရင်မှားပြီ၊ **နေမဝင်လထွက်** ဆိုမှ အမှန်... " လို့ တည့်မတ်ပေးတော်မူခဲ့ပါတယ်။

ပဉ္စဝဂ္ဂီငါးပါးတို့အား ဓမ္မစကြာ ဟောတော်မူပုံ ပန်းချီကားများ ပုံတော်များကို ဘုရား၊ ကျောင်း၊ ဓမ္မာရုံများနဲ့ အိမ်အတော်များများမှာ တွေ့ဖူးပါလိမ့်မယ်။ နေလနှစ်ပါးအပြိုင်သာနေတဲ့ကြားက ဘုရားရှင်ရဲ့ တင့်တယ်လွန်းလှတဲ့ ရူပကာယတော်ကို ကြည်ညိုသပ္ပါယ်စွာ ဖူးတွေ့ရပါလိမ့်မယ်။ သို့ပါသော် နေနဲ့လတို့ရဲ့ တည်နေဟန်ကား မှားလားမှားနေတတ်ပါရဲ့။ နေကလက်ယာ လကလက်ဝဲ ဒီလိုလည်း တွေ့ရတတ်ပါတယ်။ ပြီးတော့ တောတွေ၊ တောင်တွေနဲ့

www.dhammaransi.com



ရေတံခွန်ကြီးများတောင် စီးကျလို့။ တောကတော့ ထားပါတော့၊ တောင်တန်းကြီးတွေနဲ့ ရေတံခွန်ကြီးက ဘယ်ကရောက်လာရပါလိမ့်။

ကျွန်တော်တို့ အိန္ဒိယကိုရောက်၊ မိဂဒါဝုန် ဓမ္မစကြာ ဟောရာ ဌာနကိုရောက်တော့ မြန်မာပန်းချီ ကားတွေထဲက တောင်တန်းကြီးတွေကို ရှာကြည့်မိ တယ်။ ကွင်းလွင်ပြင်အတိ ဖြစ်နေတဲ့မိဂဒါဝုန်မှာ တောင်တန်းကြီးတွေလည်းမရှိ၊ ရေတံခွန်လည်းမရှိ။ သို့သော် မြန်မာပန်းချီကားတွေထဲမှာ ဒါတွေ တွေ့ နေရတာကတော့ ကြည်ညိုသဒ္ဓါစိတ်ဖြင့် မှန်းဆရမ်း ရော်ပူဇော်တာဖြစ်လို့ အပြစ်မဆိုသာပါ။

သို့သော် ပန်းချီဆရာတွေ **နေနဲ့လ နေရာ လွဲ ပြီး** သရုပ်ဖော်ထားတာကဖြင့်...

ဓမ္မစကြာ ဟောတော်မူစဉ် ဘုရားရှင် **ဘယ် အရပ်သို့** မျက်နှာတော်မူပြီး ဟောခဲ့တယ်ဆိုတာ သတိမပြုမိလို့ပါပဲ။ တရားဦးဟောစဉ်အခါက သဘာဝအနေအထား 'ဘယ်ပုံ၊ ဘယ်လို၊ ဘာ့ကြောင့်' ဆိုကာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက ဒီလို ရှင်း ပြတော်မူခဲ့ပါတယ်။

www.dhammaransi.com



“ဘုရားရှင်သည်ကား ပဉ္စဝဂ္ဂီတို့ ခင်းကျင်းပေးထားသော ကျောက်ဖျာကြီးပေါ်သို့တက်၍ **မြောက်ဘက်သို့ မျက်နှာမူလျက်က** ဝင့်ထည်စွာ ထိုင်တော်မူပါချေ၏။ ထိုသို့ ထိုင်တော်မူရာ၌ အတက်ဖြစ်သော **လသည် လက်ယာဘက်တော်မှ** ခံစားစေ၏။ အကျဖြစ်သော **နေသည်ကား လက်ဝဲဘက်တော်မှ** ခစားစေ၏။ ဤသို့လျှင် လ၊ နေတို့သည် အသီးသီးနေရာယူမိကြလေ၏”

“လက်ယာဘက်သို့ နေရာပေးထားသော လသည် အအေးဓာတ်ကို ဆောင်ယူဖြန့်ဝေပေးဘိသို့ ဘုရားရှင်၏မေတ္တာတော်ဓာတ်သည်လည်း လကဲ့သို့ပင် သတ္တဝါတို့အပေါ် အအေးဓာတ် ဖြန့်ကျက်လျက်ပေးဝေတော့မည်ဖြစ်ကြောင်း သိစေတော်မူ၏။ လက်ဝဲဘက်သို့ နေရာပေးထားသောနေသည် အပူဓာတ်ကို ဆောင်ယူဖြန့်ဝေပေးဘိသို့ ဘုရားရှင်၏ကရုဏာတော်ဓာတ်သည်လည်း နေကဲ့သို့ပင်သတ္တဝါအများအပြား အစားစားတို့အပေါ် အနွေးဓာတ်ဖြန့်ကျက်၍ ပေးဝေတော့မည်ဖြစ်ကြောင်း သိစေတော်မူ၏”

(ဤသည်မှာ နှုတ်တော်မဖက် သဘာဝသက်

www.dhammaransi.com



သက်ဖြင့် ဟောသောတရားတော်များဟူ၍ မှတ်ယူစေချင်၏။)

"နေလနှစ်ပါးသည် အရောင်ချင်းဆိုင်လျက်က မဲမှောင်ထူထဲသော တောအုပ်ကြီးကို အုပ်မိုးထွင်းဖောက်နေဘိသို့ ဘုရားရှင်၏ သစ္စာဓာတ်၊ မေတ္တာဓာတ်နှစ်ပါးသည်လည်း ဝေနေယျတို့အပေါ် မောဟအမိုက်တိုက်ကို အုပ်မိုးထွင်းဖောက်လျက်က သစ္စာဉာဏ်၊ကိစ္စဉာဏ်၊ ကတဉာဏ်တည်းဟူသော အလင်းရောင်များ တောက်ပစေရန် ပို့လွှတ်ဆောင်ကြဉ်းတော့မည်ဖြစ်ကြောင်း သိစေတော်မူ၏"

"လသည် အေးမြသော အသွင်ဆောက်လျက်က လက်ယာဘက်မှ တည်နေဘိသို့ ဘုရားရှင်၏ **ပညာတော်** သည်လည်း အေးမြသော မေတ္တာဖြင့် မွှမ်းထုံလျက်ကသာ ဝေနေယျတို့အား ထူးကဲအံ့အဲသော သစ္စာဉာဏ်ကို ပွင့်စေတော်မူမည်ဖြစ်ကြောင်း သိစေတော်မူ၏"

"နေသည် နွေးထွေးသော အသွင်ဆောင်လျက်က လက်ဝဲဘက်မှ တည်နေဘိသို့ ဘုရားရှင်၏ **တန်ခိုးတော်** သည်လည်း နွေးထွေးသော အာတာပီ ဝီရိယဖြင့် လွှမ်းခြုံလျက်က ဝေနေယျတို့အား ထူးကဲ အံ့အဲ

www.dhammaransi.com



သော သစ္စာဉာဏ်ကို ပွင့်စေတော်မူမည်ဖြစ်ကြောင်း သိစေတော်မူ၏"

**"နေသည် အကျဉ်ဘက်မှနေ၍ လကိုအတက် ဘက်မှ ထားသည်ကား...**

အလောင်းတော်၏ ကျင့်ဆဲကာလ၌ကား **နေ တက်သစ္စာကိုသာ အခြေခံပြီး** ယခုဝေနေယျတို့ အတွက်ကား **မေတ္တာသက်သက်ကိုသာ ကျင့်သုံး တော့မည်ဖြစ်၍** နေကားအကျ၊ လကိုကား အတက် မှ နေရာပေးတော်မူခြင်းဖြစ်၏"

"တစ်ဖန်လသည် လက်ယာဘက်တော်မှ၊ နေ သည် လက်ဝဲဘက်တော်မှဖြစ်လျှင် ဘုရားရှင်၏ မျက်နှာတော်မြတ်သည် မြောက်ဘက်သို့သာ မူလျက် ရှိကြောင်း သိသာ၏။ **ထိုမြောက်ဘက်သို့မျက်နှာ တော်မူခြင်းသည်ကား** ဥတ္တရကုရုကျွန်းသည် ကျွန်း ကြီးလေးကျွန်းတွင် အမြတ်ဆုံးဖြစ်ချေရကား **နောင် ပရိနိဗ္ဗာန်စံဝင်သောကာလ မြောက်သို့သာ ဦးကျောင်းမူမည် ဖြစ်ကြောင်း** သိစေတော်မူ၏"

**ဇဋ္ဌေဖော်ဝါရီထုတ် ပဋိဘာနဉာဏဒဿန ကထာ စာ၁၅**

ဆရာတော်ဘုရားကြီးက အဲဒီလို ပညာကြီး မားစွာ ထူးထူးခြားခြား ဖွင့်ဆိုပေးတော်မူခဲ့ပါချေပြီ။

www.dhammaransi.com



မမ္မစကြာတရားဦးဟောစဉ်အခါက လက်ကို လက်ယာ၊ နေကိုလက်ဝဲ ထားရတဲ့အကြောင်းရင်းကို လည်း ထင်လင်းစွာ သိခွင့်ရခဲ့ပါပြီ။ ပြီးတော့...

**ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူတဲ့အခါ မြောက်အရပ်သို့ ဘာ့ကြောင့်ဦးခေါင်းပြုတော် မူရသလဲ** ဆိုတဲ့ အဖြေကိုလည်း တစ်ဆက်တည်း ရခဲ့ပေပြီ။

ပညာဗဟုသုတကြောင့်ဖြစ်သော ပီတိဖြင့်ပင် လျှင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဉာဏ်ပညာ တော်ကို ရှိခိုးပူဇော်လိုက်ရပြန်ပါပြီဘုရား။ ။

၂၆-၇-၉၉

***အညွှန်း*** – ၉၉ ဖေဖော်ဝါရီလထုတ် ပဋိဘာန ဉာဏ ဒဿန ကထာ

*******

www.dhammaransi.com



## တန်ခိုးသည် ဖုံးအုပ်ထားအပ်၍ ပညာသည်သာ ဘာ့ကြောင့် ဖွင့်ဖော်အပ်

ကျွန်တော် တရားထိုင်ပြီဆိုလျှင် ဆရာတော်ဘုရားကြီးရဲ့ ပုံတော်ရှေ့ ဖယောင်းတိုင်တစ်တိုင် ညှိထွန်းပူဇော်ပြီးမှ ဆရာတော်ဘုရားကြီးရဲ့ အေးငြိမ်းလှတဲ့ ရူပကာယတော်ကို အာရုံယူပြီးမှ ထိုင်လေ့ရှိပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ ပုံတော်သည်ပင်လျှင် ဓမ္မဓာတ်အားဖြစ်ပြီး စိတ်တည်ငြိမ်စူးစိုက်မှုကို ရှေးဦးပြုနိုင်စွမ်းတယ်လို့ ကျွန်တော် ယုံကြည်နေပါတယ်။ အဲဒီမှာ ဆရာတော်ဘုရားကြီးရဲ့ ပုံတော်ကို ကြည်ညိုနေရင်း ဘာကိုသွားသတိထားမိသလဲဆိုတော့ ရဟန်းသံဃာတော်များဟာ သင်္ကန်းတော်ကို

www.dhammaransi.com



**ဝဲဘက်ပုခုံးပေါ် ဖုံးလွှမ်းဖုံးအုပ်ထားတယ် ဆိုတာ** ဖူးမြင်ရပါတယ်။

အဲဒီမှာ မေးခွန်းတစ်ခု အလိုလိုဖြစ်ပေါ် စူးစမ်းမိခဲ့ရဲ့။

**ရဟန်းသံဃာတော်များသည် ဝဲဘက်ပုခုံးကို သင်္ကန်းတော်ဖြင့် ဘာ့ကြောင့် ဖုံးလွှမ်းထားရသနည်း။**

ဒီမေးခွန်းကို လျှောက်မည် လျှောက်မည်နဲ့ မလျှောက်ဖြစ်ခဲ့ပါ။

၁၉၉၆ သံလွင်အရှေ့ခြမ်း သုဝဏ္ဏသျှမ်တောင်ကို ရောက်တော့မှ အကြောင်းတိုက်ဆိုင်ပြီး ဆရာတော်ဘုရားကြီးက ဒီလိုရှင်းပြ အဖြေပေးတော်မူခဲ့ပါတယ်။

"တို့အဘဘုရား သာသနာမှာ လက်ဝဲတော်ရံ လက်ယာတော်ရံဆိုတာ မရှိဘူးလား... "

"ရှိပါတယ် ဘုရား... "

"လက်ဝဲတော်ရံဆိုတာ... "

"တန်ခိုးအရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာမောဂ္ဂလာန်ပါ ဘုရား... "

"လက်ယာတော်ရံဆိုတာ... "

www.dhammaransi.com



"ပညာအရာမှာ ဧတဒဂ်ရတဲ့ အရှင်မဟာ သာရိပုတ္တရာပါ ဘုရား... "

"ဟုတ်ပြီဗျ... **တန်ခိုးကလက်ဝဲ၊ ပညာက လက်ယာ...** "

တန်ခိုးဆိုတာ အာသဝေါတရားတို့ရဲ့ ကုန်ရာ ခန်းရာ **အရဟတ္တမဂ်၊** အရဟတ္တရဲ့ အလံတံခွန်သာ ဖြစ်တယ်။ ပညာဆိုတာကတော့ ဝိပဿနာပညာ၊ မဂ်ပညာ၊ ဖိုလ်ပညာ ကနေ နိဗ္ဗာန်ကို ရဖို့ရောက်ဖို့ မဟုတ်လား။ ပုထုဇဉ်တို့ရဲ့ စိတ်သဘာဝဆိုတာ အဆန်းကြိုက်၊ တစ်ခုရိုး တစ်မျိုးပြောင်းပြီး **တစ်သံ သရာလုံး** ဆန်းတယ်ထင်တာတွေနောက် **လိုက်ခဲ့ကြ** တယ်။ ရိုင်းရိုင်းပြောရရင် လမ်းဘေးက မျောက်မွဲ၊ မျက်လှည့်ပွဲကအစ ဆန်းတယ်ထင်တာမှန်သမျှမှာ လူတွေမေ့မျော သာယာနေတတ်ကြတယ်။ ဒီတော့ တန်ခိုးရဲ့ ဆန်းဆန်းပြားပြား ဖမ်းစားမှုအပေါ် မေ့ လျော့တွေဝေ သာယာနေကြရင် မဂ်ပညာ ဖိုလ်ပညာ ကွယ်မှာပဲ၊ မဂ်ပညာ ဖိုလ်ပညာကွယ်ရင် သာသနာ ကွယ်မှာပဲ။ သာသနာကွယ်ပြီဆိုတာနဲ့ သတ္တဝါတွေ ရဲ့ သံသရာဝဋ်ဆင်းရဲ ဒုက္ခအပေါင်းက လွတ်မြောက် ရာ တရားတွေလည်း ကွယ်တာပဲ။

www.dhammaransi.com



တန်ခိုးလောကမှာ မိန်းမောနေရင် သံသရာဝဋ်ဆင်းရဲက မလွတ်မြောက်နိုင်ဘူး။

ဒါကြောင့် တန်ခိုးဆိုတာ **ဖုံးထားအပ်သောအရာ**၊ ပညာသာလျှင် အမြဲအစဉ် **ဖွင့်ထားအပ်သောအရာ၊ ဖော်ထားအပ်သောအရာ** ဒါကြောင့် တန်ခိုးကို ကိုယ်စားပြုတဲ့ လက်ဝဲဘက်ကို သင်္ကန်းနဲ့ဖုံး ထားရတယ်။ ပညာကို ကိုယ်စားပြုတဲ့ လက်ယာဘက်ကိုတော့ ဖွင့်ထားရတယ်၊ ဖော်ထားရတယ်။

ယောဂီတို့ တရားထိုင်ရာမှာလည်း တင်ပျဉ်ခွေကြား လက်နှစ်ဘက်ယှက်တင်တဲ့အခါ...

**လက်ဝဲလက်ကိုအောက်က လက်ယာလက်ကိုအပေါ်က** ထားရတာလည်း ဒီသဘောပဲ။ လက်ဝဲဆိုတဲ့တန်ခိုးသဘောကို လက်ယာဆိုတဲ့ ပညာက အုပ်ထားဖုံးထား ဆင့်ထားရတယ်။ တစ်နည်းအားဖြင့်တော့ လက်ဝဲကသမထ၊ လက်ယာက ဝိပဿနာ၊ သမထတန်ခိုးကိုသာပြလိုက်လို့ကတော့ အညီယင်အုံသလို နေတော့မှာပေါ့။ ရုပ်နာမ်ဖြစ်ပျက်တွေ အနိစ္စ ဒုက္ခ အနတ္တတွေ ဘာမှဟောလို့ ပြောလို့ နားဝင်တော့မှာ မဟုတ်ဘူး။ တန်ခိုးပြမိရင် တန်ခိုးပဲကိုးကွယ်မှာ၊

www.dhammaransi.com



ဝိပဿနာပညာ၊ ဖိုလ်ပညာ၊ မဂ်ပညာ တွေဆိုတာ ကျင့်ကြံအားထုတ်ရမှန်းတောင် သိမှာမဟုတ်တော့ဘူး"

ဆရာတော်ဘုရားကြီးက အဲဒီလို ရှင်းပြလိုက်တော့မှ 'ဘာ့ကြောင့်' ဆိုတဲ့ အဖြေဉာဏ်အလင်းရောင် ရပါတော့တယ်။ တစ်ဆက်တည်းမှာပဲ ဘုရားရှင့်ရွှေလက်ထက်တော်က တန်ခိုးအပြကြီးပြတော်မူခဲ့တဲ့ အရှင်ပိဏ္ဍောလမထေရ် အကြောင်းကိုပါ သာဓကဆောင်ပြတော်မူပါတယ်။

"အဲဒီတုန်းက ရာဇဂြိုဟ်သူဌေးကြီးဟာ ရတနာသုံးပါးအပေါ် သံသယအား ကြီးနေတယ်၊ လောကမှာ ဘုရားရဟန္တာဖြစ်ပြီဆိုပြီး ဂိုဏ်းဆရာကြီးတွေ လုပ်နေကြတယ်၊ တကယ့်ဘုရားရဟန္တာဆိုရင် သိသာထင်ရှားတဲ့ တန်ခိုးပြရမှာပေါ့လို့ သူဌေးကြီးတွေးထင်နေတယ်။ ဒါနဲ့ တစ်နေ့တော့ ဂင်္ဂါမြစ်ထဲက ရတဲ့ အင်မတန်အဖိုးထိုက်တန်တဲ့ စန္ဒကူးသားကို ရတော့ သပိတ်ပုံထွင်းထုပြီး အတောင်ခြောက်ဆယ် လောက်မြင့်အောင် ဝါးလုံးတွေကိုဆက်ပြီး အိမ်ရှေ့မှာ ချိတ်ဆွဲထားတယ်။ လောကမှာ ဘုရားရဟန္တာရှိပါ

www.dhammaransi.com



လျှင် ဒီသပိတ်ကို ကောင်းကင်မှ ယူပါလှည့်၊ ယူနိုင်ခဲ့ရင် သားမယားကျေးကျွန်တို့နှင့်တကွ အသက်ထက်ဆုံး လုပ်ကျွေးပါမယ်လို့ ကြေညာတယ်။

ဘယ်ပြောကောင်းလိမ့်မလဲ၊ တတ္ထိတွေ တက္ကဒွန်းကြီးတွေ ဂိုဏ်းဆရာတွေက နည်းအမျိုးမျိုးနဲ့ လှည့်ဖျားယူငင်ဖို့ ကြိုးစားခဲ့တာပေါ့၊ ဒါပေမယ့် တကယ်ယူမပြနိုင်လို့ သူတို့ ဘုရားရဟန္တာမဟုတ်ဘူး ဆိုတာ ထင်ရှားပေါ်လွင်ကုန်တယ်။ ဒီမှာ ရာဇဂြိုဟ် သူဌေး သာမဟုတ် လူတွေကလည်း လောကမှာ ဘုရားရဟန္တာ မရှိတော့ပါလားဆိုတဲ့ သံသယဝင်ကုန်တယ်။ ဒါကို ရာဇဂြိုဟ်မြို့ထဲ ဆွမ်းခံဝင်တဲ့ အရှင်မောဂ္ဂလာန်ကြီးနဲ့ သူ့တပည့်အရှင်ပိဏ္ဍောလတို့ ကြားတယ်။ ဒီမှာ ရှင်မဟာမောဂ္ဂလာန်ကြီးရဲ့ အကြံက ရတနာသုံးပါးကို လူတွေပြစ်မှားကုန်ပြီ၊ သံသရာမှာ မွန်းနစ်ရှာတော့မယ်၊ ဒီတော့ ငါ့ရှင် ပိဏ္ဍောလ ကောင်းကင်ဖြင့်သွား၍ သပိတ်ကိုယူချေလို့ တိုက်တွန်းတာပေါ့။ ဈာန်သမာပတ်တို့၌ ကောင်းစွာလေ့ကျက်ထားတဲ့ ဘုရားသားတော်တွေပဲ၊ ဒီသပိတ်လောက်တော့ ဘာလို့ မယူပြနိုင်လိမ့်မလဲ။

www.dhammaransi.com



သပိတ်မဟုတ်ပါဘူးဗျာ။ အရှင်ပိဏ္ဍောလ မထေရ်ဟာ အလျားသုံးဂါဝုတ်၊ အနံ သုံးဂါဝုတ်ရှိတဲ့ ကျောက်ဖျာကြီး ခြေမနဲ့ညှပ်ပြီး ရာဇဂြိုဟ်မြို့ပေါ် ဟင်္သာငှက်ဝဲသလို တလူးလာလာ စင်္ကြံကြွပြတော်မူတာပေါ့။ ဟာ ရာဇဂြိုဟ်တစ်မြို့လုံး ရှန်းရင်းဆန် ခတ် ထိတ်လန့်အော်ဟစ် ပြေးလွှားပုန်းအောင်း ကယ် ပါယူပါနဲ့၊ အရှင်ပိဏ္ဍောလကလည်းမြို့ကို ခုနစ်ပတ် ပတ်ပြပြီးမှ သူ့ကိုယ်ကို မြင်တော်မူစေတယ်။ လူတွေ အော်ဟစ်တောင်းပန်တော့မှ ကျောက်ဖျာကြီး ခြေနဲ့ ခတ် လွှင့်ပစ်တာ၊ ပြီးတော့မှ ရာဇဂြိုဟ်သူဌေးအိမ် အပေါ်မှာ တန်းခုနစ်ဆင့်အမြင့်က ရပ်တော်မူ ကိုယ် ထင်ပြတယ်။ ဒီတော့မှ ဘုရှင်ဌေးလည်း ရဟန္တာရှိတယ် ဆိုတာ ယုံပါပြီ။ တပည့်တော်ရဲ့ အလှူကို ခံတော် မူပါ ဖြစ်ကရော။

ဒီလောက်နဲ့ မပြီးသေးဘူး။ အရှင်ပိဏ္ဍောလ တန်ခိုးပြတဲ့သတင်းက ကျောင်းအထိ ပြန့်သွားတော့ ကာ တန်ခိုးပြတာ မမြင်လိုက်ရတဲ့ ရဟန်းတွေက စည်းဝေးတိုင်ပင်ပြီး 'အရှင်ပိဏ္ဍောလ တန်ခိုးပြပါ' ချည်း တောင်းပန်ကုန်ရော။ တရားမတောင်းဘဲ

www.dhammaransi.com



တန်ခိုးတောင်းကုန်ကြပြီ။ ဘယ့်နှယ်လဲ။ ဒါတောင် ရဟန်းတွေနော်၊ လူတွေဆို ဆိုဖွယ်ရာမရှိတော့ပါဘူး။ ဒါနဲ့ နောက်ဆုံး ဘုရားရှင် ကြားသိတော်မူတော့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဆိုတဲ့ အကြောင်းပြ ချက်နဲ့ တန်ခိုးပြာဋိဟာမပြရလို့ သိက္ခာပုဒ်ပညတ် တော်မူသတဲ့ကွယ်။ ဒါ့ကြောင့် တန်ခိုးများပြမိရင် အဆန်းမှာလမ်းဆုံးပြီး ပညာအားဖြင့် သွားရတဲ့ မဂ် ဖိုလ် နိဗ္ဗာန်စခန်း ပန်းတိုင်ပျောက်မှာစိုးလို့... ။

**တန်ခိုးသည် ဖုံးထားအပ်သောအရာ၊ ပညာသည် ဖွင့်ဖော်ထားအပ်သောအရာ... တဲ့ ဟုတ်ပြီလား။**

"သဘောပေါက်ပါပြီ ဘုရား... "

၂၆-၇-၉၉

**အညွှန်း** – ဇဖ၊ သုဝဏ္ဏသျှမ်တောင်ဩဝါဒ

*******

www.dhammaransi.com



## လူတွေ အိပ်မောကျနေသလောက်
## ဘုရား အရိယာတို့ ဘာ့ကြောင့် အစဉ်နိုးကြားနေ

ကျွန်တော်တို့ရဲ့ တစ်နေ့တာ အသက်ရှင်မှု ဆိုတာ နေ့မှာသာ အသက်ရှင်ပြီး ညအိပ်လိုက်တာနဲ့ ကုလားသေ၊ ကုလားမော ဆိုတော့ **'အိပ်နေချိန်ဟာ ဘာမှမသိတော့လို့ သေတာနဲ့မခြား"** ပါဘူး။ တကယ်တော့ နေ့အချိန် နိုးနေတယ်ဆိုပေမယ့် သတိရှိရှိ ကိုယ်ပိုင်အသိနဲ့ နေခဲ့ရတာမဟုတ်ဘဲ သူပြောသိ၊ ငါပြောသိ၊ ပညတ်သိ၊ သညာသိ၊ အဝိဇ္ဇာသိတွေနဲ့ အသက်ရှင်ခဲ့ရတာဖြစ်လို့ လူသိစစ်စစ်နဲ့ ရှင်သန်နေထိုင်ခဲ့တယ်လို့ မဆိုသာပါဘူး။ ဒါကြောင့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးက **"ဟဲ့ နေ့သေပြီး ညမရှင်တွေ"** လို့ ဆိုခဲ့ဖူးပါတယ်။

www.dhammaransi.com



"ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ သတ္တဝါတွေအတွက် အချိန်ပြည့် အလုပ်လုပ်တော်မူခဲ့တယ်။ ညခုနစ်နာရီ လူတွေကို တရားစဟော၊ ဟော ကိုးနာရီ ဆယ်နာရီလောက်လူပရိသတ်စဲတော့ နတ်ပရိသတ်ဗျ။ နတ်ပရိသတ်လည်း ဘယ်လောက်တရားနာရ နာရ အားရတယ်မရှိဘူး၊ တော်တော်နဲ့ မပြန်ဘူး၊ ဘုရားရှင်ကို ဖူးလို့ကို အားမရနိုင်ဘူး၊ မဝနိုင်ဘူး ဖြစ်နေတာ။ ဒါနဲ့ ညသန်းခေါင်ကျော် နှစ်ချက်တီးလောက်တဲ့ အထိတောင် နတ်တွေ မပြန်နိုင်သေးဘူး။ နတ်တွေရဲ့ နောက်မှာ ဗြဟ္မာတွေက ဖူးချင်လွန်းလို့ ပြူတစ်ပြူတစ် လုပ်နေပြီ၊ ကိုယ်ရောင်ကိုယ်ဝါပြနေ ပြီ။ ဒါနဲ့ နတ်တွေအလှည့်ပြီးတော့ ဗြဟ္မာတွေအလှည့် ပေးရပြန်ရော၊

တစ်ညလုံး ဟောရ ပြောရလို့ ဘုရားရှင် အိပ်ချင်တော်မူမယ်မထင်နဲ့၊ ခန္ဓာဝန်ကို ပြုပြင်သောအားဖြင့် ဣရိယာပုဒ်သာ ပြောင်းတော်မူတယ်။ ဒါနဲ့ ဗြဟ္မာတွေလာတော့ **လျောင်းတော်မူ** ရော၊ လျောင်းတော်မူလျက်ကပဲ ဗြဟ္မာတွေ မေးလျှောက်သမျှ ဖြေကြားတော်မူတယ်။ ထိုက်သင့်ရာ တရားချီးမြှင့်ရတယ်၊ ဒါနဲ့ ဗြဟ္မာတွေလည်း လင်းကာနီး၊ အရုဏ်တက်ခါနီးမှ ပြန်သွားတယ်။ တို့ အဘဘုရားရှင် ခဏ

www.dhammaransi.com



လေး မေးလိမ့်မယ်၊ နားလိမ့်မယ် မအောက်မေ့နဲ့၊ ဒီနေ့အဖို့ ဘယ်သူများ ကျွတ်တမ်းဝင်လိမ့်မလဲဆို တာ သဗ္ဗညုတဉာဏ်တော်မှာ ကြည့်တော်မူရပြန် တယ်။ ဒီလိုနဲ့ လင်းလာပြန်တော့ ဆွမ်းခံတော်မူရ၊ ရဟန်းတွေကိုဆုံးမရ၊ ဝေနေယျတွေကို တရားပြရနဲ့ တို့အဘဘုရားရှင်မှာ နားချိန်အိပ်ချိန်ဆိုတာရှိရဲ့လား။

"မရှိပါ ဘုရား... "

"ဘုရားရှင်ကို့မည်သည် သတ္တဝါတွေအတွက် ဝေနေယျတွေအတွက် အချိန်ပြည့်အလုပ်လုပ်နေ တယ်၊ အချိန်နဲ့အမျှ နိုးကြားနေတယ်၊ ဒီလိုပဲ ဘုရား သားတော်ကြီးများဖြစ်တဲ့ အရိယာအရှင်သခင်ကြီး များသည်လည်းပဲ နည်းနည်းမှ မအိပ်ဘူး၊ အချိန်ပြည့် နိုးကြားနေတယ်၊ ဘုရားရှင်ရွှေလက်ထက်တော်ကို မဆိုထားပါနဲ့၊ တို့ဒီဘက်ခေတ် မျက်မှောက်ခေတ် မှာတောင်မှ **ကျေးရှူးတော်ရှင်ဝေဘူဆရာတော် ဘုရားကြီး** ဟာ ၂၄နာရီလုံးလုံး အလုပ်လုပ်ပြသွား ခဲ့တယ်။ တစ်နေ့လုံးမှ သုံးမိနစ်လောက်သာ အနား ယူတယ်၊ ဒါတောင်အိပ်တာ မဟုတ်ဘူး၊ နားတယ် ဆိုရုံလေး နားတာ"

ဆရာတော်ဘုရားကြီးက ဘုရားရှင်နဲ့အရိယာ ကြီးများရဲ့ ဂုဏ်ရည်ကို အမြဲအစဉ်အောက်မေ့ဟော

www.dhammaransi.com



ပြောလေ့ ရှိပါတယ်။ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်လည်း ၂၄နာရီလုံးလုံး အိပ်စက်လဲလျောင်းခြင်း အလျဉ်းမရှိခဲ့တာ ကျွန်တော်တို့ ကိုယ်တွေ့ပါပဲ။ သုဝဏ္ဏသျှမ်တောင်မှာ၊ နတ်တလူတောရမှာ၊ ဝေဒလ္လချောင်မှာ တရားနာရင်း မိုးစင်စင်လင်းခဲ့တဲ့ ညပေါင်းများစွာ ကျွန်တော်တို့ မျက်မြင်ဖူးတွေ့ခဲ့ရပါတယ်။ ဆရာတော်ဘုရားကြီးကို ကျွန်တော် စတင်ဖူးမြော်ခွင့်ရတဲ့ ၁၉၉၂ ခုယခု ၁၉၉၉ ခုနှစ် အထိ **ဆရာတော်ဘုရားကြီး တစ်ကြိမ်တစ်ခါမျှ သမ်းဝေခြင်း**ကိုပင် မတွေ့မြင်ခဲ့ရပါ။ ဒီလိုရှိပါတယ်။

ကျွန်တော်တို့ လူတွေခမျာကား...

**အိပ်မှအားရှိတယ်လို့ ထင်နေတတ်ပြန်သေးတယ်။**

တစ်နေ့လုံး စီးပွားရှာ၊ ကာမဂုဏ်ခံစားနဲ့ အဝိဇ္ဇာ အမှောင်ထုအောက် ပြားပြားမှောက်အိပ်မောကျနေခဲ့ပါတယ်။ တစ်နေ့လုံး အစားတွေစား၊ အတွေးတွေဝင်၊ သောကတွေနဲ့ ဘဝင်လေမငြိမ်ဘဲ နှလုံးသွေးခုန်ထားတဲ့ ခန္ဓာကိုယ်ဟာ မောပန်းညှိုးချုန်း အပူနဲ့ ဖုံးထားပါတယ်။ နေ့အခါ နေရောင်နဲ့ချွေးပေါက်ကလေးတွေက အပူငွေ့ ထွက်နိုင်ပေမယ့် ညဘက် အေးချိန် မှာ ချွေးပေါက်၊ မွေးညင်းပေါက်ကလေးတွေ

www.dhammaransi.com



ပိတ်သွားတော့ အပူတွေက မထွက်နိုင်တော့ဘူး။ ဒီအပူတွေက ခါးဆစ်ရိုးကတစ်ဆင့် ဂုတ်ကျော၊ အုတ်ဆက်ကြောကို ထိုးတယ်၊ အုတ်ဆက်ကြောက တစ်ဆင့် ငယ်ထိပ်ကိုထိုးတယ်။ ငယ်ထိပ်ကတစ်ဆင့် အပူတွေဟာ မျက်ခွံပေါ် ပိကျလာပြီး မျက်ခွံကြီးလေးလံလာပြီး မျက်လုံးကိုဖုံးအုပ်ပစ်လိုက်တယ်။ မျက်လုံးမှိတ်သွားတာကိုပဲ **အိပ်တယ်လို့ခေါ်တာ**။

ဒါဟာ ဘာ့ကြောင့်ဘယ်ပုံ အိပ်ခဲ့ရတယ်ဆိုတာရဲ့ အဖြေပါပဲ။

အိပ်ပြီဆိုပေမယ့် အသက်ကတော့ ရှူနေတယ်။ ဝင်လေထွက်လေ မှန်နေတယ်။ အဲဒီတော့မှ လေပူတွေက နှာခေါင်းထဲက ထွက်နေတာ၊ တချို့အပူအားကြီးတော့ ပါးစပ်ကတောင် ဟောက်ပြီးထွက်သေးတာ၊ **ဘာ့ကြောင့်ဟောက်**သလဲမေးရင် အပူအားကြီးလို့။ အဲဒီမှာ ဝင်လေ(လေအေး)က အစားထိုးပေးနေပြီ။ ထွက်လေနဲ့အပူတွေ ထွက်ကုန်ပြီ ခန္ဓာကိုယ်ထဲ အပူကုန်တဲ့အချိန်မှာ နိုးလာတယ်။ဒါတောင်ရပ်အပူကုန်တာနော်၊ စိတ်အပူသောကကတော့ အချိန်ပြည့် နေရာယူထားတယ်။ ဒါ့ကြောင့် **စိတ်လေးတယ်၊ စိတ်လေးတယ်ဆိုတာ** စိတ်က လေးနေတာမဟုတ်ဘူး။ လောဘ၊ ဒေါသ၊ သောက၊ တဏှာ၊

www.dhammaransi.com



မာန ဆိုတဲ့ ကိလေသာကြောင့် စိတ်လေးနေတာ။

လူတွေအိပ်တာတောင်မှ နံနက်၂နာရီနဲ့ ၃နာရီကြား ပိုပြီးအိပ်မောကျတယ်။ **ဘာ့ကြောင့်လဲ**။ အရင်နေ့က အပူနဲ့အဝေးဆုံးအချိန်မို့လို့၊ ဒီတော့ အေးအေးလေးနဲ့ အိပ်မောကျကရော၊ ဒါ့ကြောင့် သူခိုးကလည်း ဒီအချိန် စောင့်ပြီးခိုးတာ။ အေး... လူတွေ အိပ်လို့ အကောင်းဆုံးအချိန်ဟာ အရိယာကြီးတွေ အလုပ်လုပ်လို့ အကောင်းဆုံးအချိန်ပဲ... ။

"ဘယ့်နှယ်လဲ... တစ်သံသရာလုံး အိပ်မောကျလာခဲ့ကြတာ...

"ဘယ်တော့များမှ နိုးကြပါ့မတုန်းဗျ... "

"ဒီနေ့ဒီအချိန်ကစပြီး နိုးကြားအောင် ကြိုးစားကြပါမည် ဘုရား... "

(မောင်သွေးချွန်)

၂၆-၇-၉၉

၁၃၆၁ခုနှစ်၊ ဒုတိယဝါဆိုလဆန်း(၁၄)ရက်

ညနေ (၅)နာရီ (၂၅)မိနစ်တွင် ပြီးစီး အောင်မြင်သည်။

***အညွှန်း*** - ၁၈-၁-၉၁၊ သာစည်မြို့နယ်၊ ရွှေကျောင်းကုန်းတောင်ဩဝါဒ

၁၉၉၇၊ ဇွန်လ နတ်တလူတောရ ဩဝါဒ

www.dhammaransi.com

မဟာဗောဓိမြိုင်ဆရာတော်
ဝနဝါသီ ဥဒယျ ဓမ္မသာမိထေရ်

# ဘာ့ကြောင့်-၂

မောင်သွေးချွန်
စုစည်းပူဇော်သည်

စိတ်ကြောင့်ဖြစ်တဲ့ ဒုက္ခရာဟာ ကိုယ်ချင်းတိုက်သို့ ရတဲ့ ဒုက္ခချက်မျိုးလို အနာကြီးတွေ၊ အရှိုးကြီးတွေ ဖီးဖီးပေါ်စေတယ်ဆို ဘယ်သူ့ ကြည့်ကြည့် လူရုပ်တောင် ပေါ်မှာ မဟုတ်တော့ဘူး။ စိတ်ဒုက္ခချက်ဆိုတာ ရုပ်ဒုက္ခချက်လို ခံရသူထိတာမျိုး မဟုတ်ဘူး၊ လုပ်သူကို နောက်ပြန် ထိတာမျိုး။ ရုပ်ဒုက္ခချက်လို ထိရာလောက် ရှတာမျိုး မဟုတ်ဘူး၊ ကိုယ်ရောစိတ်ပါ အားလုံး ခံရတာမျိုး။ ရုပ်ဒုက္ခချက်လို ခဏပိုင်း လပိုင်း ရက်ပိုင်းနဲ့ ပျောက်ကင်းသွားတာမျိုးလည်း မဟုတ်ပြန်ဘူး။

တစ်ဘဝကနေ တစ်သံသရာ ... နိဗ္ဗာန် မဝင်မချင်း အထိ ...။

**အခြေခံမှ အဆင့်မြင့်ထိ ဗုဒ္ဓဘာသာ ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးပုစ္ဆာများကို လွယ်ကူစွာ ဖြေရှင်းပေးထားသည်။**